
ဓိတ်ကူးချိုချိုအနုပညာ

# ဂျာနယ်ကျော်မမလေး

## ပြည်သူ့ဆုတောင်း နှင့် အခြားစာများ



လုံးချင်းများတွင်မပါဝင်သေးသောစာလက်ရာစုံစုစည်းမှု

mgyoe.com



"ငါ့တူမကြီး သိနေမှ မထူးပါဘူး။ သူ ဒီရောက်လာတာ မကြာသေးဘူး။ တစ်ပတ်လောက်ရှိဦးမယ်။ သူ့အဖေရော၊ အမေရော တောခိုသွားကြတာ ရှစ်နှစ်လောက်တော့ ရှိရောပေါ့။ သူ့ကို တောထဲမှာ မွေးတာ၊ သူ့အဖေက အမေကြီးရဲ့သား၊ အမေကြီးတို့က အညာဇာတိ၊ သားဆိုလို့ ဒီတစ်ယောက်တည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းက ဘီအေအောင်ပြီး သား တောခိုသွားကတည်းက တစ်ခါမှ မတွေ့ရဘူး။ ခုထက်ထိ သူတို့ ဘယ်ဆီနေမှန်း ထိုင်မှန်းလည်း မသိဘူး။ ဘာအကြောင်းမှလည်း မသိရ၊ စာမပေး ဘာမပေးနဲ့ နေလိုက်ကြတာ၊ တောထဲမှာ ကလေးအမေ သေတော့၊ ကလေးကို သူ့မိန်းမဆွေမျိုးများရှိရာ ပို့တာနဲ့ တူပါရဲ့၊ အဲ ဟိုက အမေကြီး ဒီမှာရှိမှန်းသိလို့ လာပို့ပေးကြတာ"

မျက်ရည်များ ဝဲနေသော အမယ်ကြီး၏ မျက်နှာကို ကြည့်ကာ ရင်ထဲတွင် လှိုက်ဖို၍ နေပေသည်။ တောင်ပေါ်တွင်နေသော "တောသူ"၏ ဇာတ်ကြောင်းကို ပြောပြနေစဉ် ကျွန်မမှာ ပက်လက်လှန်လှဲနေသော တောသူ၏ မျက်နှာကလေးကို စေ့စေ့စိုက်ကြည့်လျက် တောထဲက ကလေးပါလားဟု စိတ်မချမ်းမသာ ဖြစ်လာလေသည်။

"ချွေးမကတော့ သူ ပြောသလိုပါပဲ၊ အစိုးရတပ်က ပစ်ရင်းခတ်ရင်း နဲ့ သေသတဲ့ သေတုန်းက သူ့အမေနားမှာ သူရှိသပေါ့၊ သေနတ်သံ စဲသွားလို့ သူတို့ သားအမိကို လိုက်ရှာကြတော့ သစ်ပင်အောက်မှာ သူ့အမေက လဲလို့၊ သူ့အမေ ရင်ဘတ်က ထွက်နေတဲ့ သွေးတွေကို သူ့လက်နဲ့ ပိတ်ပေးထားသတဲ့၊ ဘယ်လောက် ရဲသလဲ ဆိုတာများ"

ISBN 9789997118554
MML43
9 789997 118554
1,800.00KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ပြည်သူ့ဆုတောင်းနှင့် အခြားစာများ ဂျာနယ်ကျော်မမလေး

ဂျာနယ်ကျော်မမလေး၏
ဝတ္ထုစာမူ၊ ဆောင်းပါးစာမူပေါင်းချုပ်များတွင်
မပါဝင်သေးသော စာများ ထပ်မံရှာဖွေစုစည်းမှု။

mgyoe.com

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

ပြည်သူ့ဆုတောင်းနှင့် အခြားစာများ။ ဂျာနယ်ကျော်မမလေး
မျက်နှာဖုံးပန်းချီ - တော်တီဆွဲ
စာမျက်နှာ ၁၅၄ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

– ဂျာနယ်ကျော်မမလေး၏ ကိုယ်ရေးအကျဉ်း (က)

ဝတ္ထုဆောင်းပါး

၁။ ပြည်သူ့ဆုတောင်း ၁
၂။ ပြန်လည်၍ တွေ့ဆုံရာဝယ်' ၃၅
၃။ အိမ်ကြီးဝင်းဘာ ၇၄

တိုင်းရင်းဆေးပညာ

၄။ အနာနှင့်ဆေး ၉၈
၅။ ဗမာ့ဆေးပညာနှင့် အစိုးရ အလုပ်သမား လူတန်းစား ၁၂၀
၆။ သူ့ဆေးနှင့် သူ့ဓာတ် ၁၃၂
၇။ ဓာတ်ကို ဓာတ်စောင့်သည် ၁၄၁

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဂျာနယ်ကျော်မမလေး
(၁၉၁၇-၁၉၈၂)

ဘိုကလေးမြို့နယ် ကမာကလူရွာဇာတိ။ ၁၉၁၇ ဧပြီ ၁၃ ဖွား။ အဖ ဒေါ်ဆင်ဘကျ် မန်နေဂျာ ဦးပြားချို၊ အမိ ဒေါ်ကွီ။ အမည်ရင်း ဒေါ်တင်လှိုင်။ ဂျာနယ်ကျော် ဦးချစ်မောင်၏ ဇနီး။

ဖျာပုံ အေဘီအမ်ကျောင်း၊ ဘိုကလေး အစိုးရကျောင်းနှင့် ရန်ကုန်မြို့မ အမျိုးသမီး ကျောင်းတို့တွင် ၁၉၃၂ ကိုးတန်းအထိ ပညာ သင်ခဲ့သည်။

ဘိုကလေးမြို့တွင် စာကြည့်တိုက် ထောင်ခဲ့ သည်။ ၁၉၃၅–၃၆ တွင် ဘိုကလေးမြို့တို့ဗမာ အစည်းအရုံးဝင်တစ်ဦးဖြစ်ခဲ့၏။ ၁၉၅၅ တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ကမ္ဘာ ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) ဒုတိယ ဥက္ကဋ္ဌနှင့် ၁၉၆၁–၆၂ တွင် မြန်မာနိုင်ငံ စာရေး ဆရာ စာပေကလပ် အတွင်းရေးမှူးချုပ် တာဝန် များကို ယူခဲ့သည်။

၁၉၃၆ တွင် 'ဘိုကလေး မတင်လှိုင်' ကလောင်အမည်ဖြင့် **မြန်မာ့အလင်း** သတင်း စာ၌ ဆောင်းပါးများ စရေးသည်။ ပထမဆုံး ပုံနှိပ်ဆောင်းပါးမှာ 'ရဝေလှိုင်' ကလောင်အမည် ဖြင့်ရေးသော 'ဏကြီးသတ် ဉာဏ်ရှိကြရန်' ဆောင်းပါးဖြစ်၏။ ၁၉၃၉ **ဂျာနယ်ကျော်** ထုတ် ဝေသောအခါ ထုတ်ဝေသူအဖြစ် တာဝန်ယူပြီး

mgyoe.com

mgyoe.com


'ဂျာနယ်ကျော်မမလေး' အမည် စတင်ခံယူ၍ ဝတ္ထုများ၊ ဆောင်းပါးများ ရေးသည်။ **အဖြူ** (၁၉၄၄)၊ **သူမ**(၁၉၄၄)၊ **စိတ်၊ မုန်း၍မဟူ** (၁၉၅၅)၊ **ရင်နှင့်အောင်မွေး၊ သွေး** (၁၉၇၃) စသော ဝတ္ထုများ၊ **ရှုမငြီး၊ တွေးတစိမ့်စိမ့်** (၁၉၆၃) စသော ဝတ္ထုတိုစုပေါင်းများနှင့် **သူလိုလူ** (၁၉၄၇)အမည်ရှိ ဂျာနယ်ကျော် ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိတို့ကို ရေးခဲ့၏။ **ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်** သတင်းစာတို့၏ အယ်ဒီတာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဂျာနယ်ကျော်မမလေးသည် စာပေလောကဌ်သာမက တိုင်းရင်း မြန်မာဆေးပညာလောကတွင်လည်း ထင်ရှား၏။ တိုင်းရင်းမြန်မာဆေးပညာ ဆောင်းပါးများလည်း ရေးခဲ့သည်။ **မြန်မာ့ဆေးပညာ** (၁၉၆၇) ကို ထုတ်ခဲ့သည်။

၁၉၈၂ ခု၊ ဧပြီလ ၆ ရက်တွင် ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com

# ပြည်သူ့ဆုတောင်း

## (၁)

ကမာရွတ် လှည်းတန်းရှိ ခြံကလေးဆီက မြို့ထဲသို့ အပြန်လမ်းတွင် ခရီးကြုံသဖြင့် ရွှေတိဂုံဘုရားခြေရင်းတွင် ကားရပ်လိုက်သည်။

ဘုရားကြီးကို ပတ်ကာလှည့်ကာသာ သွားလာနေခဲ့သည်။ ဘုရားကုန်းတော်ပေါ်သို့ မရောက်မိ။ ယနေ့ညနေခင်းမှ ကုန်းတော်ပေါ်တက်ကာ ဘုရားဖူးချင်စိတ် ပေါက်လာရ၏။

ညနေခင်း ဘုရားလာသူများ ရှင်းနေသည်။ အေးအေးဆေးဆေး ဘုရားဖူးဦးမှပဲဟု ရည်ရွယ်ရင်းအတိုင်း ကုန်းတော်ပေါ်သို့ ဖြည်းဖြည်းနှေးနှေးကလေး တက်လာလေသည်။

ကျွန်မ၏ ဝဲယာရှိ ပန်းသည်တို့သည် ပန်းဝယ်သွားရန် ဆူညံစွာ အလုအယက် ဟစ်ခေါ်နေကြလေသည်။ ပန်းသည်တို့၏ အသံများမှာ တစ်နေ့လုံး အော်ရဟစ်ရသည့် အသံမပေါက်။ လူမလာ၍ ခြောက်ကပ်နေရာတွင် လူမြင်မှ ခုမှ ဝဝအော်ကြ အာကြသည့် အသံမျိုး၊ တက်ကြွသွက်ညံ့လှသည်။ 'ပန်းဝယ်ပါဦးရှင်' 'ဝင်ပါဦးရှင်' ဆိုသော မစဲနိုင်သည့် အသံဗလံများ စိည်ပြည့်လွှမ်းကာ အဆက်မပြတ် ကြားနေရလျက် ပန်းဝယ်ရန် အာရုံမရောက်မိဘဲ ကျွန်မနှင့် ရှေ့ဆင့်နောက်ဆင့် တက်လာကြသော မြေးအဘွားနှစ်ယောက်ကိုသာလျှင် အာရုံပြုတက်လာခဲ့သည်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


အိုမင်းမစွမ်းအရွယ် အဘွားအို၏ ပုံသဏ္ဌာန်မှာ ဟောင်းနွမ်းသော အဝတ်အထည်များ ဖုံးအုပ်ထားခြင်းဖြင့် ဆင်းရဲတွင်းနက်ပုံ ပေါက်၏။ မျက်နှာသုတ်ပဝါလား၊ စောင်လား မဖော်ပြနိုင်အောင် ညစ်မည်းနေသော အဝတ်တစ်ခုကို ခေါင်းပေါ်၌ တင်ထားသည်။ ဂျပန်ခေတ်၌ ဝတ်ကြရသော ဗမာရက်ချည်ကြမ်း ထူထူကျဲကျဲ ထဘီတွင် ဖုန်ကွက်ကြေးကွက်များ ဗရဗျစ်နှင့် ဘုတ်ပွပွကြီး ဝတ်ထားလေသည်။

လက်ဖျား၊ ကုပ်နားတစ်ဝိုက် ကြေးသီးနေသော ပင်နီအင်္ကျီမှာ ပိန်သေးသော ကိုယ်လုံးနှင့်လည်း မတော်၊ မြင့်မားသော အရပ်အမောင်းနှင့်လည်း မတန်၊ ပွကာ တိုတက်နေလျက် လက်သုံးလုံးခန့် နောက်ကျောပေါ်နေပေ၏။ အောက်ခံမရှိဘဲ ပေါ်နေသော ကျောသားမှာ ညိုမည်းတွန့်ရှုံ့လျက် ပပ်ကြားအက်နေသည်။

အသွင်အားဖြင့် မရှိရှားပါးပုံ ပေါ်သလောက် တစ်နေရာတွင်စု၍ ပေါများ ပိုလျှံနေသော အခြင်းအရာမှာ ခေါင်းနောက်တွင် ထုံးရစ်ထားသော ဧရာမ ဆံထုံးကြီးဖြစ်၍ ဆံပင်ကောင်းကြောင်း ထင်ရှားနေ၏။ ခေါင်းကို သပ်ရပ်စွာပင် ဖြီးထုံးလာသည်။ ဆံထုံးကို အခွေလိုက် အခွေလိုက် ပတ်ရစ်ထားသော ဆံခွေလိပ်ကြီးမှာ ကွက်တိကွက်ကျားဖြူနက်နေသည်။ အဘွားအိုမှာ အထူးသဖြင့် အားအင်ဆုတ်ယုတ်နေပုံရှိကာ မောဟိုက်စွာဖြင့် တုံ့နှေးတုံ့နှေး တက်နေရလေသည်။

ကျွန်မမှာ အဘွားကြီး၏ နောက်မှ လှေကားထစ် နှစ်ထစ်ခြားလောက် ကပ်လျက် တဖြည်းဖြည်း လှမ်းတက်နေသော အဘွားကြီး၏ ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်၊ လက်တွဲဆွဲထားသော ကလေးမလေးကို ကြည့်လိုက်ဖြင့် ပန်းဝယ်ရန်ပင် မေ့နေလေ၏။

ကလေးမလေး၏ အရွယ်ကို ၆ နှစ်၊ ၇ နှစ်ဟုသာ ခန့်မှန်းရသည်။ သည်ထက် ကြီးလျှင်လည်း ကြီးမည်၊ သည်ထက် ငယ်လျှင်

mgyoe.com

mgyoe.com


လည်း ငယ်ပေမည်။ ပိန်ညှက်ညှက်နှင့် မနိမ့်မမြင့် အရပ်အမောင်း ရှိသည်။ ဂါဝန်အကျီလေး ဝတ်ထား၍သာ မိန်းကလေးနှင့် တူကာ ခေါင်းမှာ ခေါင်းတုံးဆံတောက်ညှပ်လျက် ဗိုလ်ကေခွဲထားလေသည်။ ဂါဝန်အကျီလေး၏ အထက်ပိုင်းမှာ အပြာရောင် ဖြောင်ပိတ်စ တစ်စဖြစ်လျက် အောက်ပိုင်းမှာ အနီရောင် ဖြောင်ပိတ်စ တစ်မျိုးဖြင့် စပ်ချုပ် ဝတ်ထား၏။

အဘွားအိုက လက်ဆွဲတက်နေခြင်းကို မကြိုက်ဟန် တစ်ချက်တစ်ချက် အဘွားအိုလက်မှ လွတ်လိုလွတ်ငြား ရုန်းရင်း လှမ်းတက်နေ၏။ အဘွားအိုသည် မရုန်းနိုင်အောင် မြဲမြဲဆုပ်ထားလျက် မြည်တွန်တောက်တီးလာသည်။

"တယ်လေ... ခက်လိုက်တာ ဖြည်းဖြည်းဟဲ့"

"ဘာမှတ်လို့လဲ၊ နင့်ကို ဖမ်းသွားကြလိမ့်မယ်"

ဤသို့ မောသံကြီးဖြင့် ငေါက်ငမ်းပြောရင်း လက်ကလေးကို ဆောင့်ဆွဲထားလိုက်သည်။

ကလေးမလေးမှာ တုံ့နှေးနှေး တက်နေရခြင်းကြောင့် စိတ်မရှည်ဘဲ ဖြစ်နေသည်။ အဘွားအိုနှင့် ယှဉ်တူမတက်ဘဲ တစ်ထစ်ကျော် ရောက်သာသွားသည်။ အဘွားအိုမှာ ကလေးမလေး၏ လက်ကို မလွတ်အောင် လှမ်းဆွဲဆုပ်ရကာ မီအောင်လည်း ကြိုးစားပမ်းစား လိုက်တက်နေရသည်။ ကလေးမလေးသည် ဘေးပတ်ဝန်းကျင်မှ ပန်းဝယ်ရန် တစာစာ ဖိတ်ခေါ်နေကြသော ပန်းသည်များဘက်သို့ တစ်ချက်မှ လှည့်မကြည့်ချေ။ သူ တက်ရမည့် အမြင့်ကြီးသို့သာ မော့ကြည့်တက်ရင်း တက်နေရာမှ ရပ်တန့်လိုက်ကာ အဘွားအိုဘက်သို့ လှည့်လျက် သူ့လက်ကလေး လွတ်ရန် အတင်းရုန်းပြန်၏။

"ခက်လိုက်တာနော်၊ ဟဲ့... ကောင်းကောင်းသွားစမ်း" ဤအသံဖြင့် အဘွားအိုက ငေါက်နေသည်။

mgyoe.com

mgyoe.com


ကျွန်မမှာ ကျွန်မဘက်သို့ လှည့်ထားသော ကလေးမလေး၏ သနရုပ်ပ မျက်နှာကလေးကို ငေးကြည့်မိသည်။ အသားညိုချောလေး ဖြစ်၏။ အံကြိတ်လျက် ရှန်းနေခိုက် ခက်ထန်တင်းမာနေသော မျက်နှာမှာ အရွယ်နှင့်မမျှ စိတ်ကြီးပုံ ထင်ရှားပေါ်လွင်လှသည်။ သူ၏ မကျေနပ်ချက်ကို ဖော်ပြနေသော သူ့မျက်လုံးမှာ ထွင်းဖောက်သွားမလောက် အဘွားအိုအား စိန်းစိန်းကြီးကြည့်လျက် ဒေါသအရောင်မှာ ပြောင်တောက်နေသည်။ သူ့နားက ဖြတ်တက်သွားသော ကျွန်မမျက်နှာကို ထိုမျက်လုံးဖြင့်ပင် စေ့စေ့ကြည့်လိုက်သေးသည်။

ကျွန်မမှာ သူတို့ ခြေးအဘွားကို ကျော်တက်လာရသော်လည်း လမ်းခုလတ်၌ ရှန်းကန်ရပ်နေသော ကလေးလေးကို ပြန်လှည့်ကြည့်ရင်း လှည့်ကြည့်လှည့်ကြည့်နှင့် တက်လာရသည်။

"မမလေးရေ"

ပန်းဆိုင် တစ်ဆိုင်ထဲရှိ ခုံတန်းလျားပေါ်၌ ထိုင်နေကြသော ကျွန်မ၏ ငယ်ပေါင်း ချစ်ဖော်ချစ်ဖက်များကို မမျှော်လင့်ဘဲ ပက်ပင်း သွားတွေ့ရသည်။ အေးတို့ သန်းတို့ ညီအစ်မနှင့် ကွဲကွာနေသည်မှာ ဆယ်နှစ်ခန့် ရှိရော့မည်။ တခြားနေရာမျိုးသာ တွေ့လျှင် သူတို့ ညီအစ်မကို ဝမ်းသာအားရ တစ်အားပြေးဖက်လိုက်မိပေမည်။ ယခုသော် မြင်ရတွေ့ရ၍ ဝမ်းသာရွှင်လန်းသွားသော မျက်နှာသာလျှင်ဖြစ်ကာ သူတို့အနားသို့ ပြေးမသွားနိုင်၊ အဘွားအိုလက်မှ လွတ်မြောက်ခဲ့၍ ကျွန်မ ဘေးမှ ပွတ်ကာ တစ်အားကျုံးပြေးတက်သွားသော ကလေးမလေးကို ရင်တဖိုဖိုဖြင့် လှမ်းမျှော်ငိုင်ကြည့်နေမိ၏။

စောင်းတန်း အုတ်လှေကားကြီး မျက်စိတစ်ဆုံး တစ်ချက်မှ မနားလိုက်ဘဲ ကျစ်မာတောင့်တင်းနေသော သူ၏ ခြေသလုံးလေးကို အသုံးပြုကာ ကဆုန်ပေါက် ဒုန်းရိုက်တက်သွားပုံမှာ အံ့ဩစရာပင်။ နောက်က သံကုန်ဟစ်လျက် တဟဲ့ ဟဲ့ဟဲ့ အော်တက်လာသော အဘွားအို၏

mgyoe.com


ခြေလှမ်းမှာ ကျွန်မပန်းဆိုင်ထဲသို့ မဝင်မီပင် သူ့မြေးကလေးကို မျက်ခြည်ပြတ်ရပေမည်။

ကျွန်မမှာ ဘာဖြစ်မှန်းမသိ ရင်ထဲ တစ်မျိုးတစ်မည်ကြီး ဖြစ်သွားလျက် ပန်းဆိုင်ထဲဝင်လာကာ ညီအစ်မကို လှမ်းဖက်လိုက်သည်။

"ကလေးလေးရယ်၊ အဘွားကြီး လက်က လွတ်သွားတယ်။ ပြေးတက်သွားတာပဲ။ အဘွားကြီးတော့ မီမှာ မဟုတ်ပါဘူး"

ညီအစ်မကို သည်စကား အရင်ပြောပြီးမှ အားရပါးရ နှုတ်ဆက်စကား ပြောရတော့သည်။

ပန်းဆိုင်ထဲတွင် အေးတို့ သန်းတို့နှင့် စကားပြောနေသည်မှာ နာရီဝက်ခန့်လောက် အချိန်ကုန်သွားသည်။ ပန်းဆိုင်ထဲမှ ထွက်ကြသည့်အခါ သူတို့က ဘုရားဖူးပြီး၍ အောက်သို့ ဆင်းသည်။ ကျွန်မက ပန်းစည်းကိုင်လျက် အပေါ်သို့ တက်လာသည်။

ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်သည်အထိ ကလေးမလေး မြေးအဘွားကို အာရုံပျောက်ကာ အေးနှင့်သန်းအကြောင်းသာ စဉ်းစားတွေးတောလာသည်။ ဆယ်နှစ်အတွင်း သူတို့ ညီအစ်မသည် တစ်ယောက်နှင့် တစ်ယောက် လင်ညီအစ်မလည်း တော်လိုက်ကြ၏။ အေးက အိမ်ထောင်ပျက်၍ နောက်အိမ်ထောင်ဆက်သည့်အခါ အဒေါ်နှင့် တူမ တော်နေကြပြန်သည်။ အေးနှင့် နောက်ထပ် လက်ထပ်ရသော အေးတို့ သန်းတို့ ယောက်ျားဘက်က ဦးလေးမှ ပါလာသော သားနှင့် သန်း၏ သမီးလေး လိုက်ပြေးကြ၍ ပြန်ခေါ်ပြီး လက်ထပ်ပေးရန်အတွက် ရန်ကုန်တွင် ခန်းဝင်ပစ္စည်းများ လာဝယ်ကြရာ ညီအစ်မချင်း အဒေါ်တူမဘဝမှ ခမည်းခမက် တော်ရတော့ဦးတော့မလိုလို။

လူ့ဘုံကြီးတွင် ဖြစ်ပျက်ဆုံတွေ့ ကျင်လည်နေကြသော ဘဝဇာတ်ခုံကြီး၏ အစိတ်အပိုင်းများကို မြင်မိမောလျက် ငြီးငွေ့သော သံဝေဂ

mgyoe.com

mgyoe.com


စိတ်ကလေး တဒင်္ဂ ဖြစ်ပေါ်လာသည်ပင်လျှင် တစ်မျိုးတစ်ဖုံ စိတ်ပျော့ပျောင်းသွားလေ၏။

လူသူရှင်းသောနေရာ ရွေးရှာကာ ချောင်ကျကျမှနေ၍ ဘုရားကြည်ညိုနေချင်သောစိတ် ဖြစ်ပေါ်လာသည်။ ကိလေသာကို ခုတ်ဖြတ်ပယ်ရှားသွားနိုင်သော ဘုရားရှင်၏ ဂုဏ်တော်ကို အောက်မေ့ကြည်ညိုရမည့် နေရာသည် လွတ်လပ်ဆိတ်ငြိမ်သော နေရာမျိုး ဖြစ်စေချင်သည်။

ဘုရားကြီးကို လက်ယာရစ်ပတ်လာရင်း လူသူရှင်းပြီး ဘုရားနှင့်ခပ်လှမ်းလှမ်းဖြစ်မည့်နေရာကို ရှာလေရာ ခေါင်းလောင်းကြီးထားရာနေရာတစ်ဝိုက်၌ လူသူရှင်းနေလေ၏။ ထိုနေရာနှင့် နီးသော ဂြိုဟ်တိုင်အောက်ရှိ ပန်းအိုးထဲတွင် ပဒုမ္မာကြာပန်းများ သွားထိုးစိုက်လိုက်ကာ ဘုရားနှင့် တည့်နေသည့် ထောင့်ကျကျ၊ ချောင်ကျကျ နေရာ၌ ထိုင်ချလိုက်သည်။

ဦးမချမိ စေတီကြီးကို မော့၍ ကြည့်လိုက်သည်။ အဆုပ်လိုက်အုပ်ဖွဲ့လျက် ပိတ်ဆီးနေသော တိမ်ဖြူတိမ်အုပ်နောက်မှ ပြာလဲ့လဲ့ ခံထားသော ကောင်းကင်တစ်ခွင်ဆီသို့ လွင့်နေလေသော ဘုရားငှက်မြတ်နားမှာ ချိုဖျော့သော နေရောင်နှင့် ယှဉ်ပြိုင်ကာ လက်လက်ပပ တောက်ကြူးနေပေသည်။

မြောက်ဆီမှ ဝေ့လာသော ဆောင်းလေနုမှာ မထိတထိ ဆော့ပါး ကစားနေရာ အေးအေးမြမြ ရှိလှသည်။ ကြေးစည်ထုသံ၊ ဘုရားရှိခိုးသံများ ကြားသာ ကြားရ၏။ ဘယ်ဆီကမှန်း မမြင်ရ၊ ကျွန်မနေရာတွင် ကျွန်မ တစ်ယောက်တည်းသာလျှင် ရှိကာ ဆိတ်ငြိမ်နေသည်။

ဦးသုံးကြိမ်ချပြီး ကိုယ်ကို မတ်ကာ မျက်စိများ မှိတ်လျက် ဘုရားသာလျှင် အာရုံပြုထားသည့် တစ်ချောင်းတည်းသော စိတ်ဖြင့် စိတ်ထဲက ငါးပါးသီလ ခံယူရွတ်ဆို ရှိခိုးမိလေသည်။ ငါးပါးသီလခံနေခိုက် နှာခေါင်းထဲတွင် ညှီစို့စို့ အနံ့တစ်နံ့ ထောင်းခနဲ ရောက်လာသည်နှင့်အတူ

mgyoe.com

mgyoe.com


အရာဝတ္ထုတစ်ခုသည် မရှေးမနှောင်း ကျွန်မမျက်နှာနှင့် နီးနီးကပ်ကပ် လာကွယ် ကပ်လိုက်သလိုပင် စိတ်ထဲက ထင်လိုက်ရသည်။ ကျွန်မသည် ဆတ်ခနဲ မျက်လုံးဖွင့်လိုက်သည်။ ကြက်သေကြီး သေသွားကာ နဖူးပေါ် တွင် ယှက်မိုးလျက် ရှိခိုးဦးတင်ထားသော လက်များမှာ အောက်သို့ ပြုတ်ကျသွားလေ၏။ အုတ်လှေကားကြီးကို ဒုန်းစိုင်းတက်ပြေးသွားသော ကလေးမလေးသည် ကျွန်မ မျက်နှာကို မိုးလျက် စိန်းစိန်းစားစား စိုက် ကပ်ကြည့်နေ၏။ မျက်တောင်လည်း မခတ်၊ မျက်နှာမှာ ရဲတင်းလှသည်။ ဘုရားရှိခိုးနေရာတွင် လူနားထိလုမတတ် လာကပ်ရပ်လျက် ရှေ့တည့် တည့်မှ ပိတ်ဆို့စိုက်ကြည့်နေသော ကလေးမလေးကို ဘယ်လို ကလေးမ လေးများပါလိမ့်ဟု ပထမဦးဆုံး အံ့သြသွားလျက် ကြက်သေသေသွားမိ သည်။ ထို့နောက် နေရာမရွေ့ ကြည့်မြဲတိုင်းပင် စိန်းစိန်းကြီး ကြည့် လျက်၊ ရှေ့ဆက်၍လည်း ကြည့်နေဦးမည့် ပုံပမာမှာ ရုတ်တရက် စိတ်ထဲ အနှောင့်အယှက် ဖြစ်သွားသည်။

အံ့သြလှစွာပင် “ဟဲ့... ကလေး မင်း အဘွားကော ဖယ်လေ” ဟု ပြောပြောဆိုဆို သူ့ပခုံးကို လှမ်းကိုင်လိုက်ရာ သူ့အသား မထိမိ သူက ကျွန်မ လက်ကို ဦးအောင် ပုတ်ရိုက်လိုက်သည်။

ကျွန်မ၏ ကိုယ်မှာ နောက်သို့ ယိုင်သွားကာ သူ့မျက်နှာလေးကို စိုက်ကြည့်လိုက်ပြီးနောက် ဘေးပတ်ဝန်းကျင်တစ်ဝိုက် သူ့အဘွားကို ကျိုးကန်းတောင်းမျှောက် ရှာကြည့်လိုက်သည်။ အဘွားအို၏ အရိပ် အယောင်ကိုပင် မမြင်ရ၊ သူ ဘယ်ကပေါ်လာ၍ ဘယ်လိုကြောင့် ရှေ့က လာရပ်ကြည့်နေမှန်းလည်း မသိ၊ ဖယ်ခိုင်း၍လည်း မရ၊ ရဲရဲတင်းတင်း ရှိလှသော အသွင်တွင် ရိုင်းစိုင်းခြင်းပါ ရောဖက်လျက် သူ့အသားအထိ မခံ၊ ခက်ထန်ပုံပြလိုက်ခြင်းမှာ ကျွန်မအဖို့ ထူးထူးဆန်းဆန်းကြီး ကြုံ နေရ၏။

mgyoe.com

mgyoe.com



"ဟဲ့… ကလေး၊ ပြောစမ်း။ မင်းအဘွားရော"

ကျွန်မက နှစ်ခါ ထပ်မေးသည်။ အဖြေမပေး၊ ခက်ထန်လျက် တင်းနေသော မျက်နှာထားသာ လျော့သွားကာ အရုပ်လိုပင် ကျွန်မအား စိုက်ကြည့်မြဲ ကြည့်နေသည်။

"ပြောလေ၊ မင်း အဘွားရော" ဟု သုံးခါမေးမှ သူ့ခေါင်းလေးကို တောင်မြောက် လှည့်ယမ်းကြည့်လိုက်ပြီးနောက် ကျွန်မကို ပြန်ကြည့်ရင်း "မသိဘူး" ဟု ခပ်ဆတ်ဆတ်ပင် ပြောလိုက်သည်။

ကျွန်မမှာ အဘွားကြီးနှင့် ကလေးမလေး ကွဲနေကြမှန်းကို အကဲခတ်မိသည်။ အဘွားကြီးတော့ သူ့မြေးကို လိုက်ရှာနေမှာပဲဟု ပူပန်လိုက်သည်။ သူ့ကိုခေါ်ပြီး အဘွားအိုကို လိုက်ရှာပေးမှပဲ ဖြစ်မည်ဟု စိတ်အိုက်အိုက်ဖြင့် နေရာမှ ထရပ်လိုက်ရသည်။

"လာ… ကလေး၊ အဘွားဆီ သွားမယ်နော်"

ကလေး၏ ပုံပန်းခက်ထန်လွန်း၍ ချော့မော့လျက် ချိုသာစွာ ပြောရကာ သူ့လက်ကလေးကို လှမ်းဆွဲသည့်အခါ အဆွဲမခံနောက်သို့ လှမ်းဆုတ်သွားလျက် ကျွန်မ ခြေရင်းသို့ လက်ညှိုးထိုးပြနေလေ၏။

မြေပေါ်၌ ချထားသော ကျွန်မ လက်ကိုင်အိတ်ကို လက်ညှိုးထိုး ပြနေခြင်းဖြစ်၍ သူ့မျက်စိ စူးရှပုံကို သဘောကျသွားမိသည်။

ကျွန်မက ပြုံးလျက် "အေးအေး" ဟု ပြောကာ ကုန်းကောက်ယူလိုက်ပြီးနောက် "လာ သွားစို့" ဟု ပြောရင်း သူ့လက်ကလေးကို လှမ်းဆွဲလိုက်မိပြန်သည်။

သူ့လက်ကို ဆွဲကိုင်မှာ နည်းနည်းမှ မကြိုက်တာ ပြလျက် လက်ရုပ်သွားကာ ကျွန်မနှင့်အတူ လိုက်မည့်ပုံတော့ ပြနေ၏။

ကျွန်မမှာ ညာဘက်သို့ သွားရမလား၊ ဘယ်ဘက်သို့ သွားရကောင်းမလား မဝေခွဲတတ်အောင် ဖြစ်နေ၏။ အဘွားအိုမှာ သူ့မြေးကို

mgyoe.com

mgyoe.com


ဘယ်နည်းနှင့်မဆို ရင်ပြင်ပေါ်ဝယ် လိုက်ရှာနေတော့မည်၊ တစ်ဦးကို တစ်ဦး ရှာကြရင်း လမ်းလွဲနေကြမည်ကို စိုးရိမ်မိပြန်သည်။ အဘွားအိုက လိုက်ရှာသူဖြစ်၍ မြင်မြင်ထင်ထင်က သူ့မြေးနှင့်အတူ စောင့်နေရလျှင် အတွေ့မြန်နိုင်မည်ဟု အကြံရသည်နှင့် အနီးရှိ ဇရပ်လှေကားထစ်တွင် အဘွားအိုကို ထိုင်စောင့်ရန် ဆုံးဖြတ်လိုက်သည်။

"လာ... ကလေး"

ကျွန်မနှင့် ယှဉ်လျက် လိုက်ပါလာကာ ဇရပ်နားမရောက်ခင် ငှက်ပျောခွံကို နင်းမိလျက် တစ်ရှိန်ထိုး မှောက်ရက်လဲကျသွားလေ၏။

ကျွန်မမှာ ပျာယီးပျာယာ ဆွဲထူလိုက်သည်။ မေးစေ့နှင့် သံမံတလင်း ဆောင့်မိသွားကာ မေးစေ့ပေါက်သွားလျက် မေးစေ့၌ သွေးခြင်းခြင်း နီသွားလေသည်။

"ကလေးရယ်၊ မှန်းစမ်း ဖယ်စမ်း"

မေးစေ့ကို အုပ်ထားသည့် သူ့လက်ကလေးကို ဆွဲဖယ်ကာ စိုးရိမ်ကြီးစွာဖြင့် ဒဏ်ရာကို ကုန်းကြည့်ရလေ၏။ မျက်နှာ တစ်ချက်မှ မပျက်၊ မေးမှ ယိုထွက်နေသော သွေးများကို လက်ဝါးနှင့် ကပ်တို့လိုက် သွေးကို ကြည့်လိုက်လုပ်နေလေ၏။

ကျွန်မမှာ "အာဂသတ္တိ" ဟု အရေးထဲ ချီးကျူးရသည်။ သူ့ကို ဇရပ်အုတ်လှေကားအနီးသို့ ဆွဲခေါ်လာခဲ့ကာ ကျွန်မက ထိုင်လျက် လက်ကိုင်အိတ်ထဲမှ လက်ကိုင်ပဝါ ယူထုတ်၍ သွေးများကို တို့သုတ်ပေးရသည်။

"နာသလား၊ ကလေး"

ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။ ကလေးတို့ဘာသာဘာဝ ယုယုယယ တို့သုတ်ပေးနေပုံကို ငြိမ်သက်စွာ ခံနေပုံမှာ သနားစရာ ကောင်းနေသည်။

mgyoe.com

mgyoe.com



လက်ကိုင်အိတ်ထဲတွင် ပရုတ်ဆီဘူးကလေး ပါလာမှန်း သတိရ၍ ဖွင့်ယူကာ ပုလင်းအဖုံးဖွင့်နေစဉ် ကျွန်မ မျက်နှာကို တစ်လှည့်၊ ပုလင်းကို တစ်လှည့် ပြူးကြောင်ကြောင် ကြည့်နေလေ၏။

"ဒါ ပရုတ်ဆီ၊ အနာကို သိပ်ရမယ်။ နည်းနည်းစပ်မယ်နော် ကလေး"

တစ်စုံတစ်ရာ ပြန်မပြောဘဲ နှုတ်ပိတ်လျက် ခေါင်းသာ ညိတ်ပြသည်။ ပရုတ်ဆီကို ကလော်လိုက်ကာ ပေါက်သွားသော နေရာကို ဖိသိပ်ပေးလိုက်၏။ နာလွန်းစပ်လွန်း၍ အော်လိုက်မလား၊ ရုန်းလိုက်မလားဟု ထင်သည်။ အော်လည်း မအော်၊ ရုန်းလည်း မရုန်း၊ မျက်လုံးကလေးသာ ပိတ်သွားလျက် မျက်မှောင်ကြုတ်ထားကာ တော်တော်နှင့် မျက်လုံးမဖွင့်။

ကျွန်မရင်ထဲတွင် ဘယ်လိုများ ကရုဏာဖြစ်နေမှန်းမသိ တဒိတ်ဒိတ် ခုန်နေလေသည်။

စပ်နာသော ဝေဒနာကို မျက်စိမှိတ်ပြီး ခဏလောက် အောင့်ခံနေပြီးနောက် မျက်လုံးဖွင့်ဖွင့်ချင်း ပြုံးလိုက်လေသည်။

ချစ်ဖွယ်ရာကောင်းသော အပြုံးကလေး ဖြစ်သည်။ သူသည် အနာဒဏ်ရာရတိုင်း ပြုံးနေကျများလားဟုပင် တွေးထင်ရတော့သည်။

ပရုတ်ဆီပုလင်း အဖုံးမပိတ်မီ သူ့လက်ညှိုးနှင့် လှမ်းနှိုက် ကော်ယူနေ၍ ကျွန်မက "တော်ပြီလေ၊ သိပ်မထည့်ရဘူး တော်ပြီ" ဟု လက်ကာပြီး တားလိုက်သည်။

ဘာမပြော ညာမပြော ကျွန်မကို ဖနောင့်နှင့် ကန်တော့မည့်အတိုင်း သူ့ခြေထောက်မှာ မြောက်လျက် ခြေဖဝါးမှာ ကျွန်မရင်ဝနားသို့ ရောက်လာ၏။ ပြုံးတုံ့တုံ့နှင့်ပင် ရင်ဝကို ခြေဖဝါးနှင့် ချိန်ရွယ်လျက် ကျွန်မ မြင်နိုင်အောင် ခြေဖနောင့်မှ အနာကို ပြနေခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ခြေဖနောင့်တွင် သပွတ်လိုက်သကဲ့သို့ အသားများ ရိပြဲလျက် အနာကြီး ဖြစ်နေသည်။ ကျွန်မကို ပြပြီး ခြေဖဝါးကို သူ့ဒူးလေးပေါ်တွင် မှေးတင်လျက် သူ့လက်က ပရုတ်ဆီတွေနှင့် ဖိသိပ်နေလေသည်။

"ဟင်... အနာကြီးပါလား၊ ဖြစ်မှ ဖြစ်ရလေ။ ဒါ ဘာအနာလဲ။ ဘာဖြစ်တာလဲ"

ကျွန်မက သိချင်စိတ်ဇောဖြင့် မေးနေသည်။ ပရုတ်ဆီများ သိပ်ပြီးမှ မြေပေါ်တွင် ပြန်ဖိနင်းရပ်ကာ တကယ့် ဣန္ဒြေကြီးနှင့် ခပ်တည်တည် ပြောလေသည်။

"တောင်ပေါ်မှာ ဆူးစူးတာ"

"တောင်ပေါ်မှာ ဟုတ်လား၊ ဘယ်တောင်သွားလို့ ဆူးစူးရတာလဲ။ ဘယ်တောင်လဲ"

ကျွန်မမှာ အံ့အားသင့်သင့်နှင့် မျက်နှာကို ရှေ့ထုတ်ပြီး မျက်မှောင်ကြုတ် မေးမိလေ၏။

"ငါတို့နေတဲ့ တောင်ကြီးပေါ်မှာပေါ့။ အဲဒီ တောင်ကြီးပေါ်မှာ ဆူးစူးတာ"

"ငါတို့" ဟု ငါ တပ်ပြောလိုက်သော အသံမှာ နားထဲတွင် ခါးသီးသွားလေသည်။ တောင်ပေါ်နေသော ချင်းလား၊ ကရင်လားဟု ထင်ရအောင်လည်း ချင်း၊ ကရင်သံမဝဲ၊ ချင်း၊ ကရင်ရုပ်မျိုးမပေါက်ဘဲ ဗမာသံဖြင့် ဗမာစစ်စစ် ဗမာကလေးလေး ဖြစ်သည်။

ကျွန်မမှာ 'ငါ' တပ်ပြောလိုက်မှ သူ့အင်္ကျီရုပ်ကို ပို၍ အကဲခတ်လိုက်မိပြန်သည်။ သူ့အင်္ကျီရုပ်မှာ အမျိုးအနွယ်သန့်သန့်မှ ပေါက်ဖွားဆင်းသက်လာသော အင်္ကျီရုပ်မျိုးရှိ၍ ဘယ်လိုဟာလေးပါလိမ့်ဟု သူ့ပေါ် တွင် ပိုမို၍ စိတ်ဝင်စားသွားရသည်။

"ကလေးက ဘယ်မှာ နေတာလဲ"

"တောင်ပေါ်မှာ ငါနေတယ်"

mgyoe.com

mgyoe.com


"တောင်ပေါ်မှာ ဘာလုပ်နေသလဲ၊ ဘယ်သူနဲ့နေသလဲ"

"တောင်ပေါ်မှာ ငါ့အဖေနဲ့ အမေနဲ့ နေတာပေါ့။ ငါ့အမေက စာသင်တယ်၊ ငါ့အဖေက သေနတ်ပစ်တယ်"

စောစောက စကားမပြောသလောက် ပြောတော့လည်း သွက်လက်ချက်ချာလှသည်။ ကျွန်မမှာ တောင်ပေါ်တွင်နေသော မုဆိုး သားသမီးများလားဟု အတွေးခေါင်နေသည်။ သူ့အမေသည် တောင်ပေါ်ရှိ ချင်းများ၊ သို့မဟုတ် ကရင်များကို စာသင်ကြားပေးကာ အဖေက မုဆိုး လုပ်နေတာ ဖြစ်ချင်ဖြစ်မည်ဟု တွေးနေပြန်သည်။

"တောင်ပေါ်က အခု ဒီရန်ကုန်မှာ ဘာလုပ်လာတာလဲ၊ အမေနဲ့ အဖေကော"

ကလေးမလေးသည် တွေ၍ ကျွန်မအား ငေးကြည့်နေသည်။ ကျွန်မမှာ အဘွားအို ပေါ်လာမလားဟု တောင်မြောက်လေးပါးကို မျှော်ကြည့်ပြန်လျက် သူ့အဖြေကို ငံ့လင့်နေပေသည်။ တွေဝေငေးမောကာ ရှုကြည့်နေရင်း ခေါင်းကို တွင်တွင်ခါလိုက်ကာ "ဘာလုပ်လာတာလဲ ငါ မသိဘူး" ဟု ပြောလိုက်သည်။

"ကလေးနာမည်က ဘယ်လိုခေါ်သလဲ"

သူ့မှာ မဖြေတတ်သလို ဖြစ်နေသည်။ နာမည်မဖြေတတ်ပုံမှာ ဆန်းနေ၍ "ကလေးနာမည်လေ၊ သူများခေါ်တဲ့ နာမည်၊ ကလေးကို ဘယ်လိုခေါ်ကြသလဲ"ဟု ရှင်းအောင် ထပ်ပြော မေးကြည့်ရသည်။

"ငါ့နာမည် 'တောသူ' တဲ့"

"ဘာ"

ကျွန်မက မျက်မှောင်ကုတ်ထားသည်။ သူကလည်း မျက်မှောင် ကလေး ကြုတ်ထားကာ လက်ညှိုးကိုက်လျက် စိုက်ကြည့်နေ၏။

"ငါ့နာမည်က 'တောသူ'။ ငါ့ကို အဖေနဲ့ အမေက 'တောသူ' လို့ ခေါ်တာပေါ့"

mgyoe.com

mgyoe.com



"ဩော်... ဩော်... 'တောသူ' ဟုတ်လား၊ နို့ အမေ့နာမည်က ကော"

"အမေပေါ့"

ကျွန်မမှာ ရယ်ချင်သွားကာ မျက်နှာပိုး ပြန်သတ်လျက် "မဟုတ်ဘူးလေ၊ အမေ့နာမည်မေးတာ" ဟု ပြောရသည်။

"အမေ့နာမည် ငါ မသိဘူး"

အမေ့နာမည် မသိဘူး ဆိုသော ကလေးမလေးမှာ နုံအသော၊ ကလေးမျိုးလည်း မဟုတ်၊ အကင်းပါးလျက် ဖျတ်လတ်ခြင်းလည်း ရှိသောကြောင့် အမေ့နာမည် မသိခြင်းမှာ စဉ်းစားရကျပ်လာသည်။ သူ မသိခြင်းကို မသိဘူးဟု ရိုးရိုးပြောသော ဟန်လည်း ပေါ်နေ၏။

"တောသူ အဖေက တောသူ အမေ့ကို ဘယ်လိုခေါ်သလဲ"

"တောသူအမေလို့ ခေါ်တာပေါ့"

သူ့အမေနာမည် သူ မသိခြင်းမှာ ထင်ရှားနေ၍ သူ့အဖေ နာမည်ကို မေးကြည့်ပြန်သည်။

"ငါ့အဖေနာမည်၊ အဖေပေါ့"

ကျွန်မမှာ ရယ်မောမိသည်။ ကျွန်မ ရယ်လိုက်ခြင်းကို မနှစ်သက်သကဲ့သို့ မျက်နှာတည်တည်နှင့် ပြန်ကြည့်၍ ပြန်ကလွှဲဆည်ထားရသည်။

"တောသူ အဖေကို ဒီပြင်လူတွေက ဘယ်လိုခေါ်သလဲ သိသလား"

"သိတာပေါ့"

သူ့အဖြေမှာ ခပ်ဆတ်ဆတ် ဖြစ်လာ၍ မျက်နှာချိုချိုသာသာနှင့် ချော့ပြောရသည်။

"ဘယ်လိုခေါ်သလဲကွယ်"

"ရဲဘော်"

mgyoe.com

mgyoe.com


ရဲဘော်ဟု ကျွန်မ နှုတ်မှ တစ်လုံးချင်း ထွက်သွားကာ သူ့အား ငေးငိုင်ကြည့်နေမိစဉ် ကျွန်မတို့ ရှေ့တည့်တည့်ရှိ ဂြိုဟ်တိုင်ရှေ့သို့ ရေပုံး ထမ်းလာသော ရေသည်ကြီးနှင့် ပန်းစည်းအမွှေးတိုင်များ ယူဆောင်လာ သော ပဿျူးမကြီး တစ်ယောက် ရောက်လာကြသည်။ 'တောသူ' သည် လူလာရာဘက်သို့ လှည့်ကြည့်လိုက်လေ၏။ ကျွန်မသည် ဇဝေဇဝါ ဖြစ်နေသော အတွေးများကို ရပ်ကာ အဘွားအိုလာမည့် လမ်းကို ရမ်း မျှော်ကြည့်၏။ အဘွားအို ပူပင်သောက ရောက်နေမည်ကို စာနာထောက် ထားကာ ဘုရားသိကြားမလို့ ဒီဘက်လှည့်လာပါစေဟု ပြင်းပြစွာ တောင့် တမိသည်။

ရေသည်သည် ရေပုံးကို သူ့ရှေ့၌ချကာ သံနေသံထားနှင့် ခုနစ်သံ ဟစ်လျက် ဘုရားရှိခိုးလေသည်။ ပဿျူးမကြီးသည် ပန်းများကို ထိုးစိုက် ကာ အမွှေးတိုင်များ ထွန်းညှိလျက် ရေသည်၏နောက်၌ ကျုံ့ကျုံ့ ထိုင်ပြီး ဘုရားဝတ်ပြုလေသည်။ 'တောသူ' သည် တစ်ချိန်လုံး စိုက်ကြည့်နေ၏။ ကျွန်မမှာ တစ်ဖက်သို့လှည့်ကာ အဘွားအိုကို မျှော်ကြည့်ပြန်သည်။ ထိုအခိုက် တောသူသည် ရေသည်နားသို့ ပြေးသွားကာ ရေပုံးကို ငုံ့ကြည့် သည်။ ကျွန်မမှာ ရိပ်ခနဲ သူ ပြေးသွား၍ "ကလေးရေ၊ လာ လာ" ဟု လှမ်းခေါ်လိုက်သည်။

ဆတ်ခနဲ ရေပုံးထဲတွင် လက်နှိုက်ကာ ရေများကို လက်ခုပ်နှင့် ပါအောင် ခပ်ကာ ယူကာ ပါးစပ်နားတွင် တေ့လျက် စုပ်သောက်လေ၏။ ရေယူသောက်ပုံကား လျင်မြန်ကျင်လည်လိုက်သည့်ဖြစ်ခြင်း၊ ထို့နောက် ရေများကို ဘောင်ဘင်ခတ်အောင် လက်နှင့် ယက်၍ ဆော့လေ၏။

"ဟဲ့... ကောင်မလေး၊ တယ်"

သံနေသံထားနှင့် ဘုရားရှိခိုးနေသော ရေသည်၏ ငေါက်လိုက်သံ မှာ မိုးခြိမ်းသကဲ့သို့ပင် ရင်ပြင်တော်ပေါ်ဝယ် ဟိန်းသွားလေ၏။

mgyoe.com

mgyoe.com


ကျွန်မမှာ တောသူလုပ်နေပုံကို ကြောင်ပြီး ကြည့်နေရာမှ ဒေါ်နှင့် မောနှင့် အံကြိတ်ကာ ထရပ်လိုက်သော ရေသည်ကို မြင်၍ သူတို့အနား သို့ တစ်ဟုန်ထိုး ပြေးသွားရသည်။

တောသူမှာ ဒေါသထွက်နေသော ရေသည်ကို တစ်စက်မှ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ ရေများကို ပက်ဆော့ရင်းပင် ရေသည် မျက်နှာကို လှမ်းကြည့်နေ၏။

"ဟဲ့... လာ၊ ကလေး လာ"

တောသူ၏ လက်မောင်းကို လှမ်းဆွဲရာ မလိုက်ပါဘဲ ရေသံ စည်ပုံး နှုတ်ခမ်းကို မြဲမြဲဆုပ်ထားလျက် ခက်ထန်သော မျက်နှာလေးနှင့် ရေသည်ကို စေ့စေ့ကြည့်နေလေ၏။

ရေသည်ကြီးမှာ ကျွန်မကို မြင်၍ ကိုယ်ရှိန်သတ်သွားသော်လည်း သည်းမခံနိုင်သော မျက်နှာထားဖြင့် "တယ်လည်း ဆော့တဲ့ ဟာလေး" ဟု စိတ်ဆိုးမာန်ဆိုး ပြောနေတုန်းပင်–

ပသျှူးမကြီးသည် ဘုရားရှိခိုးခြင်းကို ရပ်ကာ မျက်လုံးဝင်းဝင်း တောက်လျက်၊ ကလေးမလေးကို သည်လောက် စိတ်ဆိုးပုံမရဘဲ ကျွန်မ ကို မဲ၍ စိတ်ဆိုးသော မျက်နှာနှင့် ကြည့်နေ၏။

ကျွန်မမှာ သံပုံးမှ သူ့လက်ကလေး ပြုတ်အောင် အတင်း ဖြုတ်ယူ ရလျက် ဆွဲခေါ်လိုက်ရသည်။

"သည်းခံပါရှင်၊ ကလေးက မသိလို့ပါ"

ရေသည်ကြီးသည် စိတ်ဆိုးဆိုးဖြင့် ရေပုံးကို ထမ်းပိုးလျှိုကာ ပခုံးနှင့် ငုံ့ထမ်းရင်း "အစ်မ ကျုပ် ရေသစ်လဲလာခဲ့မယ်" ပြောကာ ကျွန်မတို့အား စောင်းငဲ့လျက် 'မိမဆုံးမ၊ ဖမဆုံးမဟာကလေး' ဟု တွတ် တွတ်ထိုး ရွတ်ထွက်သွားလေသည်။

ပသျှူးမကြီးသည် နှုတ်က တစ်စုံတစ်ရာ မပြောသော်လည်း သူ့

mgyoe.com

mgyoe.com


အနားမှ ဖြတ်သွားသော ကျွန်မတို့အား မျက်စောင်းထိုးကြည့်လိုက်ပြီး ဘုရားဆက်ရှိခိုးနေ၏။

ကျွန်မမှာ ရင်ထဲတွင် ဖိုလှိုက်သွားကာ စိတ်ညစ်ညူးသွားလေ၏။ ကြုံပဲ ကြုံတတ်တယ်ဟု စိတ်ထဲက အောက်မေ့ရင်း ဇရပ်လှေကားထစ်တွင် ပြန်ထိုင်ချကာ 'တောသူ'၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် သူ့မျက်နှာလေးကို ကြည့်လိုက်သည်။ သူ့ဂါဝန်အောက်ပိုင်းမှာ ရွှဲစိုနေလေသည်။

"ဘုရားရှိခိုးနေတာ ဘုရားရေကပ်နေတာ ဒီလို မလုပ်ကောင်းဘူး၊ ဘာဖြစ်လို့ လုပ်ရသလဲ။ ဟိုလူကြီးက ရိုက်မလို့ မကြောက်ဘူးလားဟင်"

တောသူသည် မျက်နှာ အတန်ငယ် မဲ့လျက် ခေါင်းခါလိုက်သည်။

"မကြောက်ဘူး၊ ငါ ရေငတ်တယ်။ ရေသောက်မှာပေါ့"

"ရေသောက်ချင်ရင် ပြောရတယ်၊ ဒီလိုသွား မသောက်ရဘူး"

သူသည် မျက်တောင်များ တဖျပ်ဖျပ် ခတ်လျက် တစ်ခုခု သတိရဟန် ပြောချင်သလို ပြောတော့မလို ဟန်ပြင်နေပြီးမှ ပြောလေသည်။

"တောင်ပေါ်မှာ ရေတွေ ကျနေတယ်၊ ငါ ရေဆာရင် ဒီလိုပဲ သောက်တာပဲ"

သူသည် စိတ်တိုင်းမကျသလို နှုတ်ခမ်းကလေး စူပြောလျက် ကျွန်မအား မကြည့်ဘဲ မျက်လွှာချလိုက်သည်။

"ဟိုမှာ ဘုရားကြီး မြင်လား၊ အဲဒီဘုရားကြီးကို ကပ်တဲ့ရေ၊ တောင်ပေါ်က ရေမျိုး မဟုတ်ဘူး၊ တောသူအမေက ဘုရားရေကို မသောက်ရဘူးလို့ မပြောဘူးလား"

"ငါ့အမေမှ မရှိတာပဲ"

"နို့ ခုနက ရှိတယ်ဆို၊ အဖေနဲ့ အမေနဲ့ တောင်ပေါ်မှာ နေတယ်ဆို"

mgyoe.com

mgyoe.com



ကျွန်မက စိတ်မရှည်နိုင်သလို ခပ်ဆတ်ဆတ် ပြောလိုက်ရာ တောသူသည် ကျွန်မ မျက်နှာကို မော့ကြည့်နေလေသည်။

"ခုနက ရှိတယ်၊ အခု မရှိတော့ဘူး၊ ငါ့အမေက တောထဲက သစ်ပင်အောက်မှာ သေသွားတယ်။ အမေ့ကို ရိုင်ဖယ်နဲ့ ပစ်တယ်"

"ဘယ့်နှယ့် ဘယ်သူက ပစ်တာလဲ"

"ရန်သူက ပစ်တာပေါ့"

ကြီးကြီးကျယ်ကျယ် ပြောနေသော သူ့စကားမှာ ကျွန်မ နားနှင့် မဆံ့အောင်ပင် ဖြစ်နေသည်။ ပကတိ လူကြီးဂိုက် လူကြီးတွေ ပြောပုံဆိုပုံ အတိုင်း ချက်ကျကျ လူကြီးစကား ပြောနေပေ၏။ သူ့အား တစိမ့်စိမ့် ကြည့်ရလျက် ခေါင်းထဲတွင် မူးနောက်လောက်အောင် တွေးတောရှုပ် ထွေးသွားသည်။

"ရန်သူဆိုတာ ဘယ်သူလဲ သိလား"

"ရန်သူဆိုတာ ရန်သူပေါ့၊ ရန်သူတွေ သေနတ်လာပစ်ကြရင် တောထဲကို ငါတို့ ထွက်ပြေးကြတယ်"

"အခု ရန်ကုန်လာတော့ ဘယ်မှာနေသလဲ၊ သိလား"

"အိမ်မှာနေတယ်"

"အဲဒီအိမ်က ဘယ်နားမှာလဲ၊ အဲဒီအိမ်နားမှာ ဘာတွေ ရှိသလဲ"

"အိမ်တွေပဲ ရှိတာပဲ"

ကျွန်မမှာ အဘွားကြီး ပေါ်မလာလျှင် သူ့အိမ်လိုက်ပို့ပေးရန် နေရာ စုံစမ်းကြည့်သည်။ သူ့အိမ်လိုက်ပို့ရန်လည်း အစပျောက်နေ၏။ သို့သော် ကလေးမလေးမှာ မှတ်ဉာဏ်သင်္ကေတကောင်းမှန်း သိ၍ သူ့ထံမှ သူ့နေရပ်လိပ်စာ သိနိုင်ရန် စုံစမ်းမေးမြန်းနည်းကို စဉ်းစားခန်း ထုတ်ရ သည်။

"အဘွားနာမည် ဘယ်သူလဲ"

"မသိဘူး"

mgyoe.com

mgyoe.com


"အဘွားနေတဲ့ အိမ်ကို တောသူသွားတတ်သလား"

သူသည် အောက်ဆုံး လှေကားထစ်၌ ဝင်ထိုင်လိုက်ကာ ရေသည်ကြီး သံနေသံထားနှင့် ဘုရားရှိခိုးနေပုံကို ငေးကြည့်နေလေသည်။

ရေသည်ကြီးမှာ ပသျှူးမကြီး ကျန်းမာရန် ချမ်းသာရန်၊ လာဘ်လာဘ တိုးတက်ရန်၊ မစတော်မူပါမည့်အကြောင်း၊ ဂြိုဟ်များ နတ်များကို ပင့်ဖိတ်ပန်ကြား ဆုတောင်းနေပေ၏။

ရေသည်ကြီး အလွတ် ကျက်မှတ်ထားသော ဘုရားရှိခိုး ဆုတောင်း ပတ္ထနာများကို ပိုက်ဆံပေးဝယ်ထားသော အလှူဒါယကာ ပသျှူးမကြီးမှာ အခကြေးငွေ ပိုက်ဆံနှင့် တန် မတန်၊ လှေလာကဲခတ် နားစိုက်နာကြားနေဟန် ရှိ၏။

ကျွန်မသည် ငေးနေသော တောသူ၏ ပခုံးကလေးကို ပုတ်လိုက်ကာ "နေတဲ့အိမ်ကို သွားတတ်သလား" ဟု ထပ်မေးရာ ခေါင်းခါနေလေ၏။

"ဒီကို ငါတို့ မော်တော်ကားနီကြီးနဲ့ လာတယ်၊ ခြေထောက်နဲ့ လာရင် ငါ သွားတတ်တာပေါ့"

"အေး... ဟုတ်တာပေါ့" ဟု ပြောလိုက်ရကာ ဘုရားပေါ်၌ အေးအေးဆေးဆေး ဘုရားလာဖူးကာမှ ကလေးထိန်း စန္ဒရီ လာဖြစ်နေခြင်းကို တွေးကာ ပြုံးမိလေသည်။

အတော်ကြာအောင် စောင့်နေလျက် အဘွားကြီး ပေါ်မလာ၍ သူ့မြေးကို မတွေ့တာနှင့် ပြန်များသွားလေရော့လားဟု စိတ်ထဲ ထင့်လာသည်။ ဘုရားကြီးကို တစ်ပတ်လိုက်ရှာမည်ဆိုလျှင် ကျွန်မတို့ နှစ်ယောက်ကို တန်းနေအောင် တွေ့မြင်နိုင်၍ စောင့်လက်စနှင့် စောင့်ပါဦးမည်ဟု စိတ်အားမလျှော့ စောင့်မျှော်ရသည်။

"တောသူကော ဘုရားရှိခိုးပြီးပလား၊ ရှိခိုးလေ"

mgyoe.com

mgyoe.com


သူသည် မျက်လုံးကြောင်တောင်နှင့် နားမလည်ဟန် ခေါင်းခါပြလျက် သူ့မေးစေ့က အနာကို လက်ဝါးနှင့် ဖိထားလေသည်။ ရေသည်ကြီးသည် ဘုရားရှိခိုးပြီး၍ နှုတ်က တဖွဖွ ရွတ်လျက် ရေလောင်းပက်နေရာ မျက်နှာလေး ရွှင်ရွှင်လန်းလန်းနှင့် လှမ်းကြည့်နေ၏။

"တောင်ပေါ်က ဒီကို ဘာနဲ့ လာသလဲ၊ မော်တော်ကားကြီးနဲ့ လာသလား၊ ဘယ်လို လာသလဲ"

"ဟိုမှာ ရေတွေ ရေချိုးရမလား"

"ဟာ... ဒီမှာ ရေမချိုးရဘူး၊ ဒီရေက ဘုရားကို ရေဆေးတာ၊ မေးတာ ပြောစမ်း တောသူ၊ တောင်ပေါ်က ဘာနဲ့ ဒီကိုလာသလဲ"

"တောင်ပေါ်ကလာတော့ ငါ့ကို လူကြီးတစ်ယောက်ကလေ ပခုံးပေါ်မှာ ထမ်းပြီး ရေထဲက လျှောက်လာတယ်"

"ရေထဲက လျှောက်လာတယ်၊ သြော်... အေး၊ အဲဒီရေတွေက လူကြီး ဒူးကို ထိသလား၊ ပေါင်ကို ထိသလား"

သူသည် မျက်လုံးကလေး စွေကာ တွေးနေလိုက်သေးသည်။

"လူကြီး ရင်ဘတ်ကို စိုတယ်"

"သြော်... ဒါဖြင့် ချောင်းပေါ့။ အေး... နောက်တော့ကော ဒီကို ဘာနဲ့ လာပြန်သလဲ"

"လှည်းကြီးစီးတယ်၊ ပြီး... သင်္ဘောကြီးလေ၊ အဲဒါကြီးနဲ့ ရေထဲက လာတာပဲ"

"အဖေကရော အဖေပါ လိုက်လာသလား"

"ငါ့အဖေ တောင်ပေါ်မှာ ရှိတယ်၊ ငါက လူကြီးနဲ့ လာတာ"

"တောင်ပေါ်မှာ နေရတာ ပျော်သလား"

"ပျော်တာပေါ့၊ ဆိတ်ကြီးနဲ့နေရတာ သိပ်ပျော်တာပဲ"

"ဆိတ်ကြီးဆိုတာ ဘယ်သူလဲ"

mgyoe.com

mgyoe.com


"ဆိတ်ကြီးဆိုတာ ဆိတ်ကြီးပေါ့။ ဆိတ်ကြီးဆီမှာ နို့တွေ အများကြီး ရှိတယ်။ ငါ အများကြီး နို့သောက်ရတယ်"

ကျွန်မမှာ ဣန္ဒြေမဆည်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောနေစဉ် "ဟောဟိုမှာ အမေကြီး" ဟု သူက အော်ပြောလိုက်သည်။

အဘွားအိုသည် ကျွန်မတို့ကို မမြင်သေးပေ။ ဟိုရှာသည်ရှာ ကြည့်ရင်းသာ လာနေ၏။ ကျွန်မက မတ်တတ်ရပ်ကာ တောသူလက်ကို ဆွဲလိုက်သည်။ တောသူလည်း ထရပ်သည်။

အဘွားကြီးသည် သူ့မြေးကို မြင်သွားသည်။ မြင်မြင်ချင်း ဝေးရာမှ လက်ညှိုးထိုးလာလျက် ခပ်သုတ်သုတ် လှမ်းလာလေသည်။

အနားရောက်၍ အဘွားမျက်နှာကို မြင်ရသည်မှာ နားသယ်မှ စီးကျနေသော ချွေးပေါက်ကြီး နှစ်ပေါက်နှင့် အမောဆို့နေလျက် ရုတ်တရက် စကားမပြောနိုင်။

"ကျွန်မ ဘုရားရှိခိုးနေတုန်း၊ အနားလာနေလို့ ခေါ်ထားပါတယ်"

အဘွားကြီးသည် ရင်ကို လက်နှင့် ဖိလိုက်ကာ ခေါင်းသာ ညိတ်နိုင်လျက် မောကြီးပန်းကြီး ထိုင်ချလိုက်သည်။ အဘွားဘေး၌ ကျွန်မ ထိုင်လိုက်လျှင် 'တောသူ' မှာ အဘွားကြီးနား ကပ်သွားလေ၏။

"ခုနက ဒီမှာ ချော်လဲသွားလို့၊ မေးစေ့ပေါက်သွားတယ်၊ သတ္တိတော်တော် ကောင်းတယ် အဘွား၊ မငိုဘူး"

အဘွားကြီးသည် 'တောသူ' ၏ ဖူးရောင်နေသော မေးစေ့ကို ကိုင်ကြည့်လိုက်ကာ "သိပ်ဆိုးတဲ့ကလေး တူမရယ်၊ အတင်းပြေးတက်တာပဲ။ ရေသည်တစ်ယောက်က ဗဟန်းစောင်းတန်း ဆင်းသွားတာ မြင်တယ် ပြောလို့ ဟိုဘက် ဆင်းရှာရတယ်။ မတွေ့တာနဲ့ ပြန်တက်လာတာ။ တွေ့ပေသေးလို့ပဲ၊ နို့မို့ရင် အဘွားတော့ ဒုက္ခပါပဲ" ဟု ခပ်နားနား ဆိုင်းပြောပြသည်။

mgyoe.com

mgyoe.com


"တောင်ပေါ်က ဆူးစူးခဲ့တဲ့ ဒဏ်ရာကလည်း ဖနောင့်မှာ နည်းတာ မဟုတ်ပါဘူး"

အဘွားကြီးမှာ မျက်နှာပျက်သွားသည်။ ထိတ်လန့်စိုးရွံ့သော မျက်လုံးများမှာ ဂနာမငြိမ်ဘဲ ရှိ၏။ ကျွန်မနှင့် ကြာရှည် မျက်လုံးမဆိုင်ရဲဘဲ တောသူဆီသို့ မျက်လုံးရောက်သွားလျှင် ကျွန်မက "သူ့အမေ တောင်ပေါ်မှာ ရှိင်ဖယ်နဲ့ ပစ်လို့ သေသွားတယ် ပြောတယ်။ သနားလိုက်တာ အဘွားရယ်၊ ရန်သူက ပစ်တယ်လို့ ပြောပြတယ်" ဟု ရှေ့ဆက်လိုက်သည်။

အဘွားကြီး မျက်နှာပျက်တာနှင့် တစ်ချက်တည်း တောပုန်း စားပြများလားဟု တွေးမိကာ အကြောင်းသိရန် တောက်ပြောလိုက်မိသည်။

အဘွားကြီး၏ မျက်နှာမှာ အောက်သို့ ကျသွား၏။ တောသူသည် အဘွားကြီး၏ ကိုယ်ပေါ်သို့ ပစ်လှဲချလိုက်ကာ ဘုရားဘက်သို့ ခြေဆန့်လိုက်၍ ခြေထောက်ကလေးကို ဇရပ်ဘက်သို့ ဆွဲလှည့်လိုက်သည်။

"အာဂဟာမလေး အားလုံး လျှောက်ပြောကုန်ပြီ ထင်ပါရဲ့၊ သင်းတို့ အဖြစ်တွေကို မပေါက်ကြားဝံ့ပါဘူး တူမရယ်"

ကျွန်မ မျက်နှာကို မော်မကြည့်ဘဲ ပြောနေသည်။ ကျွန်မက မစိုးရိမ်စေချင်သဖြင့် "ကျွန်မ သိလို့ စိုးရိမ်စရာမရှိပါဘူး၊ အဘွားရယ်။ ဒီကလေးကို ကျွန်မ သနားနေပါတယ်" ဟု ပြောရလေသည်။

"ငါ့တူမကြီး သိနေမှ မထူးပါဘူး။ သူ ဒီရောက်လာတာ မကြာသေးဘူး။ တစ်ပတ်လောက်ရှိဦးမယ်။ သူ့အဖေရော၊ အမေရော တောခိုသွားကြတာ ရှစ်နှစ်လောက်တော့ ရှိရောပေါ့။ သူ့ကို တောထဲမှာ မွေးတာ၊ သူ့အဖေက အမေကြီးရဲ့သား၊ အမေကြီးတို့က အညာဇာတိ၊ သားဆိုလို့ ဒီတစ်ယောက်တည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းက ဘီအေအောင်ပြီးသား တောခိုသွားကတည်းက တစ်ခါမှ မတွေ့ရဘူး။ ခုထက်ထိ သူတို့

mgyoe.com

mgyoe.com


ဘယ်ဆီနေမှန်း ထိုင်မှန်းလည်း မသိဘူး။ ဘာအကြောင်းမှလည်း မသိရ၊ စာမပေး ဘာမပေးနဲ့ နေလိုက်ကြတာ၊ တောထဲမှာ ကလေးအမေ သေတော့၊ ကလေးကို သူ့မိန်းမဆွေမျိုးများရှိရာ ပို့တာနဲ့ တူပါရဲ့၊ အဲ ဟိုက အမေကြီး ဒီမှာရှိမှန်းသိလို့ လာပို့ပေးကြတာ"

မျက်ရည်များ ဝဲနေသော အမယ်ကြီး၏ မျက်နှာကို ကြည့်ကာ ရင်ထဲတွင် လှိုက်ဖို၍ နေပေသည်။ တောင်ပေါ်တွင်နေသော "တောသူ" ၏ ဇာတ်ကြောင်းကို ပြောပြနေစဉ် ကျွန်မမှာ ပက်လက်လှန်လှဲနေသော တောသူ၏ မျက်နှာကလေးကို စေ့စေ့စိုက်ကြည့်လျက် တောထဲက ကလေးပါလားဟု စိတ်မချမ်းမသာ ဖြစ်လာလေသည်။

"ချွေးမကတော့ သူ ပြောသလိုပါပဲ။ အစိုးရတပ်က ပစ်ရင်းခတ်ရင်းနဲ့ သေသတဲ့။ သေတုန်းက သူ့အမေနားမှာ သူရှိသပေါ့။ သေနတ်သံ စဲသွားလို့ သူတို့ သားအမိကို လိုက်ရှာကြတော့ သစ်ပင်အောက်မှာ သူ့အမေကလဲလို့၊ သူ့အမေ ရင်ဘတ်က ထွက်နေတဲ့ သွေးတွေကို သူ့လက်နဲ့ ပိတ်ပေးထားသတဲ့၊ ဘယ်လောက် ရဲသလဲ ဆိုတာများ"

ကျွန်မမှာ 'တောသူ' ၏ မျက်နှာကို လှမ်းကြည့်နေရင်း သူ့အရွယ်ကလေးနှင့် သူ့အဖြစ်အပျက်ကို ကြက်သီးမွေးညင်း ထမိလေသည်။

"ရန်ကုန်ရောက်တဲ့နေ့က မော်တော်ကားတွေ အိမ်ရှေ့ ဖြတ်သွားရင် အတင်းပြေးထွက်ဆွဲလို့ ကံကောင်းလို့ မကြိတ်တယ်၊ ဘာမှ မမြင်ဖူးဘူး၊ တောထဲနေတော့ သိပ်ရိုင်းနေတာပဲ"

ကျွန်မလည်း သက်ပြင်းကြီးချမိလျက် စိတ်ပျက်လက်ပျက်ဖြင့် အဘွားကြီး၏ မျက်နှာကို ငိုင်ကြည့်နေမိတော့သည်။

"တစ်ညလည်း ၁၂ နာရီလောက်ရှိပြီ။ အမေကြီးတို့ တဲရှေ့မှာ မော်တော်ကား ဘီးပေါက်သွားတာ။ အဲဒါ သူ့စိတ်ထဲ သေနတ်သံ ထင်ပြီး အိပ်ရာက ငေါက်ခနဲ ထပြီး တဲပေါ်က ဆင်းပြေးသွားလိုက်တာလေ။ တောထဲမှာ ဒီလိုပဲတဲ့။ မအေက သူ့အဝတ်အစား အထုပ်ကလေး

mgyoe.com

mgyoe.com



သူ့လည်ပင်းမှာ သိုင်းချည်ပေးထားသတဲ့။ တစ်ဖက်နဲ့တစ်ဖက် ပစ်ကြ ခတ်ကြပြီဆိုရင် သိပ်အနားကပ်နေရင် အသက်ဘေးလွတ်အောင် စွပ် ပြေးကြရတာကလား၊ သူကလည်း အားလုံး ပြေးသလို ထပြေးတာပဲတဲ့။ ဘယ်လောက်မြင့်တဲ့ တောင်ကြီး ဖြစ်ပစေ၊ သူ့ဟာသူ တက်တာပဲတဲ့။ တစ်ကိုယ်လုံးလည်း အနာရွတ်ချည်းပါပဲ။ ဒီမှာ သူ့စိတ်တိုင်းမကျရင် ငါ့ကို တောင်ပေါ်ပြန်ပို့ တောင်ပေါ်သွားမယ်နဲ့ အော်ငိုတော့တာပဲ။ သူ့ ပါးစပ် အတင်းပိတ်ရတယ်။ ဒုက္ခပါပဲ တူမရယ်"

ကျွန်မမှာ မျက်နှာမသာမယာဖြင့် နားထောင်နေရင်း တောင်တက် သလို အုတ်လှေကား စောင်းတန်းကြီး ပြေးတက်သွားသော တောသူ၏ ပုံပန်းသဏ္ဍာန်ကလေးကို မြင်ယောင်နေမိတော့သည်။ 'တောသူ' မှာ ပက်လက်လှန်နေရာက ချက်ချင်း အိပ်ပျော်နေ၍ "ဟော... အိပ်ပြီ" ဟု ကျွန်မက အလန့်တကြား ပြောလိုက်သည်။

"ဒီလိုပဲ သူ အိပ်ချင်ရင် အဲဒီနေရာမှာပဲ လှဲအိပ်လိုက်တာပဲ။ အမေကြီးတို့ တဲအောက်မှာ ဝင်ဝင်ပြီး ခွေးနဲ့ အိပ်နေလို့ ပြောမရတာနဲ့ ရိုက်ထားရတယ်။ မုန့်ပဲသရေစာလည်း မစားတတ်ရှာဘူး။ သူ ရေ ခဏခဏ သောက်နေရင် အဲဒါ သူ ဆာတာပဲ"

အဘွားအိုသည် တောသူခေါင်းကို ပွတ်သပ်ပေးလျက် သူ့မြေး ၏ မျက်နှာကို ကြည့်ရင်း သနားကြင်နာစိတ်တို့မှာ ရင်ထဲတွင် တိုး၍တိုး ၍ လာနေ၏။

စိတ်မချမ်းသာဖွယ် ကြားရ မြင်ရ၍ အထူး ကြေကွဲမိသည်။ ကျွန်မမှာ 'ပြည်တွင်းစစ်' ကို စက်ဆုပ်လိုက်မိသည်။ ဘယ်ထိအောင် ကြာရှည်နေကြဦးမလဲဟု ရင်ထုမနာ တွေးနေသည်။

"လူကြီးတွေက ဘယ်လို ဒုက္ခဆင်းရဲခံနိုင်ပေမဲ့ ကလေးတွေအဖို့ ဘယ်လောက် ဒုက္ခရောက်ကြမလဲဆိုတာ အမေကြီးဖြင့် မတွေးဝံ့ပါဘူး။

mgyoe.com

mgyoe.com


သူငယ်မရယ်၊ ကြာလည်း ကြာပါပြီ မဟုတ်လား။ ကျေအေးကြပါတော့၊ ငြိမ်းချမ်းကြပါတော့"

ကျွန်မမှာ အသံတုန်တုန်နှင့် ပြောနေသော အမေကြီး၏ ဝမ်းနည်းပက်လက် မျက်နှာကြီးကို ငေး၍ ကြည့်နေသည်။ အမေကြီးသည် မျက်ရည်များ သုတ်ကာ ဘုရားကို ဦးချသည်။ ကျွန်မမှာ အမေကြီး၏ ရင်ထဲ၌ လိုလားတောင့်တနေသော ပြည်တွင်းငြိမ်းချမ်းရေးကို ကျွန်မအသက်နှင့် လဲပေးလို့များရလျှင် လဲသာ ပေးလိုက်ချင်တော့သည်။ ပြည်တွင်းစစ်၏ ဒဏ်ကို အရွယ်နှင့်မမျှ ခံရရှာသော 'တောသူ' ၏ အတွေ့အကြုံမှာ ကြောက်ခမန်းလိလိ ဖြစ်ပေသည်။ သစ်ပင်အောက်တွင် အသက်ထွက်လျက် သွေးငေါက်တောက်ပန်းနေသော မအေ၏ ရင်ဘတ်ကို ပိတ်ဆို့ထားသော 'တောသူ' ၏ ဘဝဆိုးကို လူသား တစ်ယောက်၏ အသည်းနှလုံးဖြင့် မကြားဝံ့မနာဝံ့အောင် ဖြစ်မိတော့သည်။

"ဟဲ့… ထ၊ သွားမယ်"

တောသူသည် ငေါက်ခနဲ ထလိုက်သည်။ အမေကြီးက တောသူ၏ လက်ကလေးကို ဆွဲလိုက်ရာ ရုန်းနေ၍ ခေါင်းကိုသာ ကိုင်ထားကာ "သွားဦးမယ်၊ တူမ" ဟု လှည့်နှုတ်ဆက်သည်။

ကျွန်မမှာ ငိုင်နေကာ ခေါင်းကိုသာ ညိတ်လိုက်နိုင်သည်။ မြေးအဘွား ထွက်သွားကြရာ မျက်တောင်မခတ် ကြည့်နေမိသည်။ ကျွန်မရှေ့ တစ်လံလောက်မှ 'တောသူ' သည် ကျွန်မဘက်သို့ ချာခနဲ လှည့်ကြည့်သည်။ ကျွန်မရင်ထဲ 'ဟာ' သွားတော့သည်။

မိခင်နှင့် ကင်းဝေးရရှာသော သူ့အား ယုယုယယ ပရုတ်ဆီ သုတ်လူးပေးလိုက်သော မိန်းမတစ်ယောက်ကို အမှတ်တရ တွယ်တာသွားသော မျက်လုံးကလေးဖြင့် လှည့်ကြည့်ပြီးနောက် အဘွားအိုရှေ့မှ စိုက်စိုက်စိုက်စိုက် လျှောက်သွားလေ၏။

ကျွန်မမှာ မှင်တက်မိသလို အတန်ကြာအောင်ပင် မျှော်ငေးလျက်

mgyoe.com

mgyoe.com



ရင်ထဲ ဆွေးနေပြီးလျှင် သူတို့ မြေးအဘွား ကွယ်သွားမှ ဘုရားရှိခိုးရန် သတိရတော့သည်။

ဘုရားရှိခိုးရန် လက်ချင်းယှက်ကာ ကျွန်မရှေ့ရှိ ဘုရားကြီးကို မော့ကြည့်လိုက်သည်။ ရွှေရောင်များ ပြိုးပြောင်ဝင်းပလျက် သပ္ပာယ်စွာ တည်ရှိသော စေတီတော်မြတ်အား အာရုံပြုလိုက်ပါလျက် ချမ်းမြေ့ကြည်လင်သော အာရုံမျိုး မဝင်၊ ရှိခိုးလျက် မျှော်ကြည့်နေသော မျက်စိရှေ့တွင် ဝန်ကြီးချုပ် ဦးနုမှာ ဆီးပေါ်နေလေသည်။

## (၂)

မွမ်းမံဝင့်ဝါခြင်းကင်းသော ဝန်ကြီးချုပ် ဦးနု၏ ဧည့်ခန်းဆောင်ကြီး။

ဧည့်ခန်းထဲ၌ သားမွေး ကော်ဇောများကို ခန်းလုံးပြည့် ခင်းထားကာ ဆိုဖာကုလားထိုင်ကြီးများ ဝန်းရံလျက် ဝန်ကြီးချုပ် အဆောင်အယောင်နှင့် သင့်လျော် လျောက်ပတ်ရုံ လောက်သာပင် ရိုးရိုးခင်းကျင်းထားသည်။

ဝန်ကြီးချုပ်မှာ သက္ကလတ် အပေါ်အင်္ကျီကို ကြယ်စေ့များ တပ်ဝတ်လျက် ချည်လုံချည်ဝတ်ကာ ဆိုဖာထက်တွင် ငြိမ်းချမ်းသော အသွင်အပြင်တို့ဖြင့် ချမ်းမြေ့စွာ တွေ့ရ၏။

ဘယ်လ်ဂျီယံမှ ရောက်လာသော စတာလင် ငြိမ်းချမ်းရေးဆုရ ပါလီမန်အမတ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့ချုပ် အတွင်းရေးမှူး အမျိုးသမီးကြီး မဒမ်အစ်စဘယ်ဘလွန်းနှင့် ကျွန်မမှာ ဝန်ကြီးချုပ် ဦးနုနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေကြသည်။

မဒမ်အစ်စဘယ်ဘလွန်းမှာ အသက် ၆၀ ကျော်အရွယ် သန်မာတောင့်တင်းလျက် စိုပြည်ဝဖြိုး၏။ ဖြူဖွေးသော ဂါဝန်ကို ဝတ်ဆင်ကာ လက်ညှိုးလုံးခန့်ရှိမည့် ရွှေကြိုးကို လည်တွင် ခွေထားသည်။ ရွှေပြားကြီး

mgyoe.com

mgyoe.com


ခတ်လျက် ဘေးတွင် စိန်တွေ စီထားသော လက်ကောက်မှာ မီးရောင်အောက်ဝယ် တစ်လက်လက် တောက်နေသည်။ သူသည် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်၍ ဆိုရှယ်လစ်ပါတီမှ အထုတ်ခံရသော အမျိုးသမီးကြီး ဖြစ်လေသည်။

မဒမ် အစ်စဘယ်ဘလွန်းနှင့်အတူ ဝန်ကြီးချုပ် ရှေ့မှောက်သို့ ရောက်နေရသော ကျွန်မမှာ ဗမာနိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့ဝင် တစ်ဦးအဖြစ်နှင့် ရောက်နေရသည်။

မဒမ်အစ်စဘယ် ဘလွန်းသည် ထိုင်ကတည်းက ဝန်ကြီးချုပ်အား ရေပက်မဝင်အောင် မရပ်မနား စကားပြောနေသည်။ ကမ္ဘာ့အခြေအနေ ငြိမ်းချမ်းရေးလုပ်ငန်းများ ငြိမ်းချမ်းရေး လုပ်ငန်းအရပ်ရပ်သူ ဆောင်ရွက်ခဲ့သမျှ ဆောင်ရွက်ဆဲတို့ကို ပြောပြနေပြီးလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းကြီးကို ဝန်ကြီးချုပ်ကိုယ်တိုင် အားပေးဆောင်ရွက်ပါရန် လေးလေးနက်နက် ပြောဆို တောင်းပန်နေလေ၏။

ဝန်ကြီးချုပ်သည် တည်ငြိမ်စွာ နားစိုက်ထောင်နေလေသည်။ ပကတိ တည်ငြိမ်သော အသွင်ထဲမှ မျက်လုံးနှင့် နှုတ်ခမ်းမှာ သန့်စင်ချိုသာနေလေလျက် ရင်တွင်း၌ ကိန်းအောင်းနေသည့် ထူးကဲသော မေတ္တာစာတ်သည် မျက်နှာတစ်ပြင်လုံးတွင် သန်းယှက်လျက်ရှိနေရာ နူးညံ့သိမ်မွေ့နေပေ၏။

"ကမ္ဘာကြီး ငြိမ်းချမ်းစေအောင် ငြိမ်းချမ်းရေး လုပ်ငန်းအရပ်ရပ်ကို ကျုပ်နည်းနဲ့ ကျုပ် ရိုးရိုးသားသား လုပ်ကိုင်နေပါတယ်။ ကျုပ်ဟာ ပြည်သူ့တရုတ်ပြည်ကြီးကို သွားတဲ့အခါမှာ အမေရိကန် ကောင်းကျိုးကိုသာ ပြောဆိုတယ်။ အမေရိကန်ကို ရောက်တဲ့အခါလည်း ပြည်သူ့တရုတ်ပြည်ကြီးရဲ့ ကောင်းကျိုးကိုသာ ပြောတာပဲ။ ပထမ ကျုပ်ကို နားမလည်ကြဘူး၊ အခုတော့ ကျုပ်ရဲ့ ငြိမ်းချမ်းရေး စိတ်ထားစေတနာကို ကောင်းကောင်း သိကြပြီ။ ကောင်းကောင်း နားလည်ကြပြီ"

mgyoe.com

mgyoe.com



ဝန်ကြီးချုပ်၏ အသံမှာ ရိုးသားပွင့်လင်းလျက် ပြတ်သား ရှင်းလင်းလှသည်။ ပဋိပက္ခဖြစ်နေသော နိုင်ငံကြီး နှစ်နိုင်ငံကို မေတ္တာကြိုးသွယ်ဆက်နေသော ဝန်ကြီးချုပ်၏ ပင်ကိုစေတနာမှာ မည်သည့်နိုင်ငံကမှ ယုံမှားဖွယ်ရာ မရှိ၊ ဖြူစင်မွန်မြတ်သော စေတနာအစစ်ဟု ကျွန်မစိတ်ထဲတွင် ယုံကြည်အားထား ကြည်ညိုမိသည်။

မဒမ် အစ်စဘယ်ဘလွန်းက ဆက်လက်၍ ဗမာပြည်ရှိ 'ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက်' ကို ထောက်ခံအားပေးရန် လမ်းကြောင်းသွယ်ဝိုက်လာသည့်အခါ ဝန်ကြီးချုပ်သည် ကျွန်မကို လှမ်းကြည့်လိုက်ကာ "ငြိမ်းချမ်းရေးအဖွဲ့ အခြေအနေ ဘယ်လိုရှိသလဲ" ဟု လှမ်းမေးလိုက်သည်။

ငြိမ်းချမ်းရေးအဖွဲ့ထဲသို့ ကျွန်မ ဝင်တာ ဘာမျှ မကြာသေး၍ ကျွန်မအား ငြိမ်းချမ်းရေးအဖွဲ့ဝင်မှန်း အသိနှင့် မေးလေသလားဟု စဉ်းစားမိသည်။

"သိပ်မကျယ်ပြန့်သေးပါဘူး။ ဒီအဖွဲ့ထဲ ဆိုရှယ်နီပါတီကလည်း ပါဝင်ဆောင်ရွက်ကြတော့ လူတွေက သိပ်မဝင်ရဲကြဘူး ဖြစ်နေတယ်"

ကျွန်မမှာ ကျွန်မ အတွေ့အကြုံနှင့် ဖြေလိုက်ခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာ ကြည်ညိုကိုးကွယ်သောသူ တစ်ယောက်အဖြစ်၊ ဗုဒ္ဓဘာသာမျက်စိနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားနှစ်သက်ကာ ငြိမ်းချမ်းရေးအဖွဲ့ကြီး ကျယ်ပြန့်စေအောင် စာရေးဆရာတစ်ယောက်အဖြစ် ဝင်ခဲ့ရာ ငြိမ်းချမ်းရေးအဖွဲ့၏ လုပ်ငန်းဖြစ်သော အဏုမြူလက်နက် တားဆီးရေး၊ လက်နက်လျှော့ပေါ့ရေး၊ လက်မှတ်များ လိုက်ကောက်သည့်အခါ၌ "အနုမြူလက်နက်တော့ မလိုလားပါဘူး၊ မကြိုက်ပါဘူး။ ဒါပေမဲ့ ဆိုရှယ်နီတွေလုပ်နေတော့ လက်မှတ်မထိုးဝံ့ဘူး" ဟု ငြင်းနေကြသည်။ ကြောက်နေကြသည်။ ငြိမ်းချမ်းရေးအဖွဲ့ကို ဆိုရှယ်နီအဖွဲ့ခွဲဟု မှတ်ထင်ဟန် ရှိသည်။ တချို့ကလည်း 'ဆိုဗီယက်' ကို မထောက်ခံဝံ့ဘူးဟု ငြင်းကြသည်။

mgyoe.com

mgyoe.com


ကျွန်မသည် စိတ်စေတနာ သန့်သန့်ရှင်းရှင်းကြီးနှင့် ငြိမ်းချမ်းရေး အဖွဲ့ထဲသို့ ဝင်လိုက်ခြင်း ဖြစ်သည်။ ကမ္ဘာ့လူထုပေါင်းစုံ ပါဝင်ဝိုင်းဝန်း ထောက်ခံဖွဲ့စည်းထားသော ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့ချုပ် လုပ်ငန်းကြီး သည် ငြိမ်းချမ်းရေး လိုလားသူတိုင်း၏ အားထားရာ အမှီသဟဲကြီး ဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တစ်ဦးနှင့်တစ်ဦး လက်ခံထားသော နိုင်ငံရေး အယူအဆ မတူစေကာမူ စစ်မလိုလားသည့် တူညီသော ယုံကြည်ချက်၊ တူညီသော လုပ်ငန်းဖြစ်ခဲ့လျှင် ကမ္ဘာကောင်းကျိုးအတွက် သန့်ရှင်းစွာ ပူးပေါင်းလုပ်နိုင်ကြရမည်ဟု ယုံကြည်ချက် စွဲမြဲမိလေသည်။

ကျွန်မ တစ်ဦးတည်းသာ မဟုတ်၊ ဤအဖွဲ့ကြီးထဲတွင် ပါတီချင်း တူသည့် သူတွေဖြစ်ဖြစ်၊ မတူသည့်သူတွေလည်း ဖြစ်ပေစေ၊ နိုင်ငံရေး သမား၊ ကုန်သည်၊ အလုပ်သမား၊ လယ်သမား၊ စာရေးဆရာ၊ ပန်းချီ ဆရာ၊ အနုပညာရှင်အပေါင်းနှင့်တကွ လူတန်းစားအသီးသီးတိုင်း လို လားနှစ်သက်ပါဝင်သော အဖွဲ့ကြီး ဖြစ်စေသချင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့ထဲတွင် ပါဝင်ဆောင်ရွက်နေသူတို့သည် မည်သူမည်ဝါတို့ဖြစ်၍ သို့မဟုတ် ပါဝင်ဆောင်ရွက်နေသူတို့သည် မည် သူမည်ဝါတို့မဖြစ်၍ဟု လွဲရှောင်နေလိုက်၍ မသင့်ဟု စေတနာ ဖြူစင် စွာဖြင့် ရိုးရိုးသားသား ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ခဲ့သည်။

"ဗမာပြည်မှာရှိတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ကို အားပေးထောက်ခံရ မှာက ဒီအဖွဲ့ဟာ ကျုပ်တို့ရဲ့ နိုင်ငံရေး အတိုက်အခံသမားတွေ လုပ်နေ တာ။ ဒါကတော့ ကျုပ်တို့ရဲ့ နိုင်ငံရေးပဲ"

ဝန်ကြီးချုပ်က မဒမ် အစ်စဘယ်ဘာလွန်းဘက်သို့ လှည့်ပြော လိုက်ရာ ကျွန်မမှာ မျက်လုံးပြူးသွားမိသည်။ ကျွန်မ ငြိမ်းချမ်းရေးအဖွဲ့ထဲ ရောက်ရသည်မှာ အစိုးရ အတိုက်အခံအဖွဲ့ထဲ ရောက်ရသလိုများ ဖြစ်နေ မလား မသိ၊ ကျွန်မမှာ ဝမ်းနည်းသွားသည်။ ကျွန်မကဲ့သို့ စေတနာ

mgyoe.com

mgyoe.com


ဖြူစင်စွာ ဂိုဏ်းဂဏ ပါတီမရှိဝင်နေကြသော သူများအတွက်လည်း ဝမ်းနည်းမိသည်။ ကျွန်မနှင့် ထိုသူတို့မှာ အစိုးရ အတိုက်အခံစိတ်ဖြင့် ဤအဖွဲ့ထဲ ပါဝင်ဆောင်ရွက်ကြခြင်း မဟုတ်၊ ကမ္ဘာကြီး၏ စစ်ဘေး စစ်ရန် အန္တရာယ်ကြီးကို တားဆီးရန် မိမိတို့ အင်အားကို စေစားကြရာ၌ သို့မဟုတ် အစေစားခံရာ၌ ကမ္ဘာ၏ ကောင်းကျိုးအတွက်လော၊ ကမ္ဘာ၏ ဆိုးကျိုးအတွက်လော။

စစ်တားဆီးရေးဆန္ဒ၊ ငြိမ်းချမ်းရေးဆန္ဒ၊ အင်အားကြီးမားခဲ့လျှင် အညီအညွတ် ထက်သန်ပြင်းပြခဲ့ကြလျှင် ကမ္ဘာကြီး မုချ ငြိမ်းချမ်းရမည်ဟု ယုံကြည်ပြင်းပြစွာဖြင့် ပါဝင်ကြသည့် အင်အားစုသာလျှင် ဖြစ်သည်။

ကျွန်မမှာ ကျွန်မ၏ အတိုက်အခံ မဟုတ်သော စေတနာ အရင်းခံစိတ်ကို အားတင်းရကာ ဆက်လက်၍ နားထောင်နေရသည်။ ပြည်သူ့တရုတ်ပြည်နှင့် အမေရိကန်ပြည်တို့ တစ်ပြည်နှင့်တစ်ပြည် မေတ္တာစိတ်ပွားများကြရန် ဖန်တီးဆောင်ရွက်လျက်ရှိသော ဝန်ကြီးချုပ်၏ မေတ္တာစေတနာကို အားထားပြီး ကိုယ့်စေတနာကိုယ်ပြန် အားတင်းလိုက်ရခြင်း ဖြစ်သည်။

တိုင်းပြည်တွင် အားကိုးရာ ခေါင်းဆောင်လည်း ဖြစ်သော ကမ္ဘာ၏ အားထားရာ မေတ္တာစေတနာရှင်လည်းဖြစ်သော ဝန်ကြီးချုပ်မှာ ရှေ့မှ ဆီး၍ မားမားမတ်မတ် လာပေါ်နေကာ ကျွန်မမှာ ဘုရားကို အာရုံပြု၍ မရနိုင်ဘဲ ရင်ထဲတွင် လှုပ်ရှားလျက် ဆွေးမြည့်ကြည်ကွဲနေပေသည်။

ပြည်တွင်းစစ်ကြီး ရပ်စဲရန်၊ ပြည်တွင်း ငြိမ်းချမ်းသာယာရေး ရရှိရန် အားထားရမည့်အရာမှာ ကျွန်မရှေ့ရှိ ရွှေတိဂုံ စေတီတော်ကြီး မဟုတ်၊ ရွှေတိဂုံ စေတီတော်ကြီး မတတ်နိုင်၊ ကျွန်မရှေ့တွင် ဆီးမြင်နေသော ဝန်ကြီးချုပ် ဦးနုကိုသာလျှင် အားထားမိတော့သည်။

mgyoe.com

mgyoe.com


တရုတ်နီနှင့် အမေရိကန်ကို စေ့စပ်ပေးချင်သော မေတ္တာရှင်သည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စေ့စပ်ဖန်တီးပေးပေလိမ့်မည်ဟု အားထားလိုက်သည်။

ဦးနု ခေါင်းဆောင်သော အစိုးရအဖွဲ့ကြီးသည် တော်လှန်သူတို့အား လက်နက်ချခိုင်းလျက် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် ပြည်တွင်းစစ်မီးကို ငြိမ်းနေသည်။

တဟုန်းဟုန်း တောက်လျက်ရှိသော ပြည်တွင်းစစ်မီးကြီးကို ဤနည်းဖြင့် ငြိမ်းသတ်လာရာ တိုင်းပြည်တွင် ယခုအထိ လုံးလုံးလျားလျား ငြိမ်းအေးသွားကြခြင်း မဖြစ်ဘဲ ဤနည်းဖြင့် မီးဖွား၊ မီးမွှားလောက်သာလျှင် ငြိမ်းသတ်၍ ရနေလေသည်။

ပြည်တွင်းစစ်ကို တစ်ဖက်မှ ဤနည်းဖြင့် ငြိမ်းသတ်လျက် တစ်ဖက်တွင် ရက်ကာလ အပိုင်းအခြား ပေးထားသည့်အတွင်း လက်နက်မချကြက အားလုံး အပြုတ်တိုက်မည်ဟု နောက်ဆုံး ကြေညာလိုက်ပေသည်။

စစ်ကြီးအပြီး နိုင်ငံတော်သစ်အား ပြန်လည် ထူထောင်နေရသည့် အချိန်အခါကြီးတွင် ပြည်တွင်း ငြိမ်းချမ်းသာယာရေးကို အထူး ရှေးရှုရမည့်အခါကာလကြီး ဖြစ်၏။

ရက်ကာလ ကန့်သတ်ထားသည့် အချိန်ကာလအတွင်း တော်လှန်သူအားလုံး လက်နက်မချခဲ့ကြလျှင် တစ်ယောက်မကျန် အကုန်သတ်ပစ်လိုက်သောနည်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖြစ်စေမည်လော၊ လက်နက်မချသူတွေ တစ်ယောက်မကျန် အကုန်သတ်ပြီးမှ နိုင်ငံကြီးကို ထူထောင်ကြရမည်လော။

mgyoe.com

mgyoe.com


# (၃)

ကျွန်မ မျက်လုံးများမှာ ပြာနှမ်းလာကာ စေတီတော်ကြီးကို တဖြည်းဖြည်း ရေးရေးမျှသာ ဖူးတွေ့ရတော့သည်။

ရွှေတိဂုံ စေတီတော်ကြီး၏ ဝင်းပဖိတ်လက်နေသော ရွှေရောင်ခြည်တို့သည် ညိုသီရီဝေလာလေလျက် အဝေးမှ မည်းမှောင်တက်နေသော မီးခိုးလုံးကြီးမှာ စေတီတော်ကို တလိပ်လိပ် ပတ်ငုံဆို့ဆိုင်းစပြုနေလေပြီ။

ကုန်းတော်ပေါ်ဝယ် သေနတ်သံ၊ အမြောက်သံများ ပွဲတင်ထပ်မျှ လွင့်ဟည်းလာလေသည်။ မြူခိုးတွေ ထနေသော တောင်ရိုး တောမြိုင်တစ်ဝိုက်တွင် ပျားပန်းခပ်ဖြစ်နေသော လူအုပ်ကြီးသည် ကစဉ့်ကရဲ ပြေးလွှားနေကြပေသည်။ ဆံပင်ဖားလျားဖြင့် သေပြေးရှင်ပြေး ပြေးလွှားကြကုန်ရင်း ကျည်ဆန်သင့်၍ ရင်အုံပွင့်သွားကာ ပက်လက်လန်ကျသွားသော အမျိုးသမီးတွေလည်း တွေ့ရ၏။ ဘယ်ဆီဘယ်ဝယ် ပြေးရမှန်းပုန်းရမှန်း မသိရှာသော လူမမည် ကလေးငယ်တို့၏ ငိုသံယိုသံများ မကြားနိုင်အောင် အမြောက်သံများ ဖုံးလွှမ်းနေလေသည်။

သားကောင်ကို မြင်သော ကျားသည် သားကောင်ကို မဝါးမျိုသေးဘဲ လှည့်လည်ကာ ကခုန်မြူးထူးခြင်းပြုဘိသကဲ့သို့ တောခို တောအောင်း တစ်တောတစ်တောင်လုံး သုသာန်တစပြင်ကြီးဖြစ်မည့် အခြင်းအရာကိုမြင်သော ရှင်သေမင်းသည် မြူးထူးရွှင်ပျော် သီချင်း တကြော်ကြော်နှင့် ရှိနေလေရာ စက်သေနတ်သံ၊ လက်ပစ်ဗုံးသံ၊ အမြောက်သံများကား ခြိမ့်ခြိမ့်ညံမျှ သေမင်းငင်သံ ဖြစ်နေ၏။

တောင်ခါးပန်းမှ မြေစိုင်မြေခဲတို့သည် အထက်သို့ မြောက်ဖွာတက်နေလျက် မြေမှုန့် မုန်တိုင်းအဖြစ် ဝေ့ယမ်းရစ်သန်း မှောင်ဖွဲ့နေလေသည်။ တောတွင်း သစ်ပင်ဝါးပင်တို့ကား အသားချင်း ပွတ်ကြိတ်ကြကာ

mgyoe.com

mgyoe.com


မချိမဆံ့ ညည်းတွားကြလျက် မြေတွင် အပိုင်းပိုင်း ပြတ်လဲလေရာ မီးခိုး မီးလျှံများ ထွက်ပေါ်လာလေသည်။

တစ်ဖက်နှင့်တစ်ဖက် အချင်းချင်း ပစ်ခတ်ချေမှုန်းနေသော လူသားတို့၏ စိတ်သည် အလွန် ရုန့်ရင်းကြမ်းတမ်းလျက် သတ်ချင်ဖြတ်ချင်စိတ်တို့ ဖိစီးလွှမ်းမိုးကာ သွက်သွက်လည်အောင် ငန်းဖမ်းလျက်ရှိနေကြ၏။

လူမှန်း မျောက်မှန်း မခွဲနိုင်လောက်အောင် မျက်နှာပေါ်၌ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် ထူထပ်ပြည့်ဖုံးလျက် သစ်ရွက်သစ်ခက်များ သီဆင်ထားသော တောတွင်းလူသတ္တဝါတို့သည် မီးခိုးလုံးကြီးများနှင့် မြေမှုန့်ဖုန်ထုအကြားဝယ် သွေးရူးသွေးတန်းဖြင့် ပြန်လှန်ပစ်ခတ်နေကြလျက် အသံနက်ကြီးများဖြင့် အော်ဟစ်ညည်းတွားရင်း တဖုန်းဖုန်း၊ တဗိုင်းဗိုင်း လဲကျနေကာ မှောက်ခုံ ပက်လက် အသက်ထွက်သွားကြ၏။

လူသေကောင် အလောင်းများ၏ အသွေးအသားကို သောက်မျို ကိုက်ဝါးရန် မာန်ဖီနေကြသော တောတိရစ္ဆာန် သားကောင်ကြီးများကား ကြောက်မက်ဖွယ်ရာလိလိ ဟီလျက် ဟောက်လျက် ရှိကြတော့သည်။

ကျွန်မ အာရုံထဲတွင် ရုပ်ထွေးမြင်တွေ့နေမိသော "တောတွင်း အပြုတ်တိုက်" ရှုခင်းကို မကြည့်ချင် မမြင်ချင်တော့၍ ပျောက်ကွယ်ကုန်အောင် တွန်းလှန် တိုက်ထုတ်ဖယ်ရှားပစ်နေရသည်။

မှောင်ရီဖျိုးဖျတွင် မြေးပျောက်ကို လည်ရှာနေသော အဘွားအို ကြီးနှင့် အဘွားအိုကြီး လက်ထဲမှ လွတ်ခဲ့၍ ခြေဦးတည့်ရာသို့ ပြေးသွားနေသော "တောသူ" လေးကို မြင်ယောင်လိုက်ပြန်မိသည်။

တောတွင်း အရိုင်းမ "တောသူ" လေးသည် ကျွန်မရှိလေရာသို့ မလာလေ၊ ဝေးရာသို့ ပြေးနေလေသည်။ မီးခိုးယမ်းခိုးများအကြားဝယ် ပြေးနေသော "တောသူ" သဏ္ဍာန်လေးကို လုံးထွေးပျောက်ကွယ်သွားသည့်အထိ မြင်နေမိပြန်လေ၏။

mgyoe.com

mgyoe.com



ကျွန်မသည် မျက်စိကို ကျပ်ကျပ် စုံမှိတ်လျက် လက်စုံမိုး၍ ရှိခိုးထားကာ ဆောက်တည်၍ မရနိုင်သော စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပါသော်လည်း မအောင်မြင်၊ သီလခံကာ ဂုဏ်တော် ရွတ်ဖတ် ရှိခိုးရန် အားထုတ်၍လည်း မရ၊ အသက်ရှူရကျပ်ကာ နွမ်းလျမောပန်း လာသည်။

ရပ်တည်ရာမရ ဖြစ်နေသော စိတ်ကို မဖြေသိမ့်နိုင်၊ ဘုရားရှင် အား ညွှတ်တွား ကော်ရော်၊ ပူဇော်၍ မဖြောင့်၊ ထို့ကြောင့် ခပ်တိုတိုပင် ရွတ်ဆိုလိုက်သည်။

ပြည်တွင်း ငြိမ်းချမ်းရေး အမြန်ရပါစေသား။

ဦးသုံးကြိမ်ချပြီးနောက် မျက်လုံးများ ဖွင့်လိုက်ရာတွင် ရွှေအတိ ပြီးသော စေတီတော်ကြီးသည် ဝင်းဝင်းထိန်စွာ ဓောက်မြင့်သွန်းလျက် ရှုမငြီးနိုင်စရာ စံနှုန်းမရှိ၊ ကြည့်လေတိုင်း တင့်တယ် သပ္ပာယ်တော်မူ နေ၏။ ပန်းအိုးထဲရှိ ပဒုမ္မာ ကြာပန်းကြာခိုင်တို့သည် ရေစက်လက်ဖြင့် ကော့လန်းပွင့်အာနေကာ မွှေးထုံသင်းပျံ့နေကြ၏။

သဗ္ဗေသတ္တာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု...

သတ္တဝါအပေါင်းတို့၊ ဘေးမရှိ၊ ရန်မရှိ၊ သောကဗျာပါမရှိ၊ အနာ ရောဂါမရှိ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းမြေ့စေကြောင်း ဆုတောင်း ရွတ်ဖတ်လျက် မေတ္တာပို့နေသည့် ကြေးစည်သံကို သာသာငြိမ်းချမ်း သော သိင်္ဂုတ္တရ ကုန်းတော်မြေပေါ်မှ ကြားလိုက်ရသောအခါ ပူလောင် နေသော နှလုံးသားကို ချမ်းသာအေးမြသွားစေတော့၏။

ပြည်တွင်းစစ် ရပ်စဲရန်၊ ပြည်သူလူထုကြီး တစ်ခဲနက် တောင်းဆို ကြပါစေ။

ရှမဝမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၅၅။

□

mgyoe.com

mgyoe.com

# ပြန်လည်၍ တွေ့ဆုံရာဝယ်

[ ၁ ]

ယနေ့ ကျွန်မချက်သော ထမင်းသည် ထောပတ်နှင့် ဆီသတ်ထားသော ပဲထမင်း ဖြစ်၏။ ကြက်သားကိုလည်း ပြုတ်ကြော် လုပ်ထားသည်။ ငါးပိကြော်လည်း ကြော်ပြီးသွားပြီ။ အာလူးနှင့် အမဲကြော်ကို စားခါနီးမှ ကြော်ရန် အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

သခွားသီးကလေးကို အခွေလိုက် အကွင်းလိုက် ရစ်လှီးလျက် ငရုတ်သီးစိမ်းကလေးများ ရောစွက်ကာ ချဉ်ရေစိမ်ပြီးသွား၍ ဟင်းချိုချက်ရန် တစ်အိုးသာလျှင် ကျန်တော့သည်။

ချဉ်ပေါင်ရွက်ကလေးများ သင်နွှာနေခိုက် မီးဖိုပေါ်မှ ဟင်းချိုအိုးဖုံးသည် ဆူသံပေးကာ ခုန်ပွက်ဝေကျလာသည်။ ကပျာကယာ ထလျက် ဒန်အိုးဖုံးကို ဆွဲလှပ်ဖယ်ကာ ဟင်းချိုအိုးထဲသို့ ချဉ်ပေါင်ရွက်များ ခတ်တော့မည်ဆဲဆဲ၌ပင် သခင်ဗဟိန်း၏ ရယ်သံများသည် နားထဲသို့ လုံးထွေးဝင်လာကြလေ၏။

"သူနဲ့ ကျွန်တော် အကြောင်းပါစကက ကျွန်တော့်ကို ဟင်းချို

mgyoe.com